# စစ်ကောင်စီနောက်ခံ ဝါဒဖြန့် ယန္တရားများ၏ ဇာတ်ကြောင်းများကို ဆန်းစစ်လေ့လာခြင်း

Quarterly Report 2025 (April – June 2025)

The Red Flag

**မာတိကာ**

Summary of the Report 2

အစီရင်ခံစာအနှစ်ချုပ် 4

အစီရင်ခံစာမိတ်ဆက် 6

သုတေသနနည်းနာ 8

တွေ့ရှိချက်များ 11

ဇာတ်ကြောင်း (၁) - သဘာဝသယံဇာတအခြေပြု တရားမဝင်ဆောင်ရွက်မှုများ 12

ဇာတ်ကြောင်း (၂) - အချင်းချင်းဖိနှိပ်သတ်ဖြတ်နေကြသည့် လက်နက်ကိုင်အင်အားစုများ 15

ဇာတ်ကြောင်း (၃) - အမျိုးသမီးနှင့်ကလေးသူငယ်များကို အကြမ်းဖက်နေသည့် PDF 19

ဇာတ်ကြောင်း (၄) - သူလျှိုဟုပုံဖော်၍ သပ်လျှိုသင်းခွဲခြင်း 23

ဇာတ်ကြောင်း (၅) - တပ်မတော်သားများ လက်နက်မချ အညံ့မခံ 28

ဇာတ်ကြောင်း (၆) - ဘာသာရေးကိုအကြမ်းဖက်နေသည့် တော်လှန်ရေးအင်အားစုများ 32

ဇာတ်ကြောင်း (၇) - ဖမ်းဆီးပါ သတ်ဖြတ်ပါ ပြာချပေးပါ 35

ဝါဒဖြန့်ယန္တရား ထူးခြားပုံရိပ်များ 38

သုံးသပ်ချက် 45

## Summary of the Report

This report presents a content analysis of the *Red Flag* by monitoring the social media channels associated with the State Administrative Council (SAC), which frequently disseminate propaganda in support of the regime and motivating the violence and atrocities against the civilians and pro democracy movement.. Much of this content is harmful and poses serious risks to individuals on the ground. The analysis covers data collected between April and June 2025, encompassing a total of 587 posts from these channels. The report primarily focuses on examining the narratives employed in these propaganda messages. The key findings are summarized below:

- Rather than disseminating propaganda directly through official institutions, the SAC allows the social media assets of so-called individuals or entities—some identifiable and others anonymous—to spread its messaging. This includes hate speech, justification of atrocities, and the glorification of such acts and their perpetrators. As a result, any future attempts to pursue legal accountability in post-conflict settings may face challenges in holding the SAC legally responsible for its actions.
- The content shared on these propaganda channels is not grounded in a coherent ideological framework. Instead, narratives are constructed using half-truths and misinformation, often closely following real-time developments in the ongoing conflict, including armed clashes and internal tensions among revolutionary groups. From April to June, the majority of propaganda posts targeted Ethnic Revolutionary Organizations (ERO). According to the Myanmar Peace Monitor, during this period, the number of armed clashes between the military and EROs surpassed those between the military and People's Defence Forces (PDFs).

- A significant portion of the narratives in these propaganda channels rely on religious nationalist rhetoric rooted in Bamar Buddhist identity. Based on this framing, many posts promote hatred between Bamar and non-Bamar ethnic groups, as well as between Buddhist and religious minorities such as Christian and Muslims.
- In addition to inciting hatred and justifying violence, these propaganda channels aim to instill fear among the population. They routinely threaten individuals who express dissent against the SAC or support anti-SAC movements by exposing their personal information and urging authorities to arrest and take immediate action. This tactic serves to demonstrate the SAC's strength and reinforces a climate of fear among the general public.

## အစီရင်ခံစာအနှစ်ချုပ်

ယခုအစီရင်ခံစာသည် The Red Flag မှ ပုံမှန်စောင့်ကြည့်လေ့လာနေသည့် စစ်ကောင်စီနှင့်၎င်းနှင့်ဆက်စပ်နေသော ဝန်းရံထောက်ခံသူတို့၏ အန္တရာယ်ရှိသော ဝါဒဖြန့်မှုအကြောင်းအရာများကို သုံးသပ်တင်ပြသည့် အစီရင်ခံစာဖြစ်သည်။ ဧပြီလမှ ဇွန်လအတွင်း စောင့်ကြည့်လေ့လာထားသော အချက်အလက်များကို အခြေခံ၍ လေ့လာသုံးသပ်ထားခြင်းဖြစ်ပြီး လူမှုမီဒီယာပေါ်မှဝါဒဖြန့်ချိမှုအကြောင်းအရာပေါင်း ၅၈၇ ခုကို ရယူသိမ်းဆည်းခဲ့သည်။ ယခုအစီရင်ခံစာသည် ဝါဒဖြန့်ချိသည့် လူမှုမီဒီယာစာမျက်နှာများတွင် ပုံဖော်နေကြသော ဇာတ်ကြောင်းများကို အဓိကထားလေ့လာသုံးသပ်ထားခြင်းဖြစ်သည်။ အစီရင်ခံစာ၏တွေ့ရှိချက်အနှစ်ချုပ်ကို ဖတ်ရှုနိုင်ရန် အောက်တွင် စုစည်းတင်ပြထားသည်။

- စစ်ကောင်စီသည် အမုန်းတရားကိုအခြေခံသောအကြမ်းဖက်မှုနှင့် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများကိုလှုံ့ဆော်ခြင်း၊ ၎င်းလုပ်ရပ်များကိုဖုံးကွယ်ရန်ကြိုးစားခြင်းနှင့် ၎င်းကျူးလွန်မှုများကို မှန်ကန်သည့်လုပ်ရပ်အဖြစ်ပုံဖော်ခြင်း၊ ကျူးလွန်သူများကိုဟီးရိုးအဖြစ် ချီးကျူးဂုဏ်မြှောက်ခြင်းကဲ့သို့သော လုပ်ရပ်များကို ၎င်းထိန်းချုပ်ထားသော တရားဝင်အဖွဲ့အစည်းမှဖြန့်ဝေခြင်းထက် တစ်သီးပုဂ္ဂလလူပုဂ္ဂိုလ်အမှတ်တံဆိပ်များအသုံးပြု၍လည်းကောင်း၊ တဆင့်ခံအစုအဖွဲ့များ၏ စာမျက်နှာများမှတဆင့် လည်းကောင်း ဖြန့်ဝေမှုကိုအဓိကပြုလုပ်ခဲ့သည်။ ၎င်းတို့ထဲမှအချို့မှာ မည်သူမည်ဝါဆိုသည်ကို သိရှိနိုင်သော်လည်း အချို့မှာ အတိအကျမသိရှိနိုင်ပေ။ ဤသို့ဖြင့် ပဋိပက္ခလွန်နောက်ပိုင်း ၎င်းလုပ်ရပ်များကို ဥပဒေကြောင်းအရ စစ်ကောင်စီအား တာဝန်ခံဖို့ ကြိုးစားရာတွင် အခက်အခဲဖြစ်လာနိုင်မည်ဖြစ်သည်။
- ဝါဒဖြန့်ချိမှုများသည် အတွေးအခေါ်အယူအဆတစ်ခုအပေါ် အခြေခံခြင်းထက်ဖြစ်ရပ်များပေါ်အခြေခံ၍ အမှန်တဝက်သတင်းများဖြင့် အမှားအချက်အလက်များ ဖြည့်ကာပုံဖော်ဖန်တီးကြခြင်းဖြစ်သည်။ ထို့ကြောင့် စစ်ရေး၊ နိုင်ငံရေးနှင့် တော်လှန်ရေးအင်အားစုများ၏ သတင်းကို မျက်ခြေမပြတ်နားစွင့်ကာ ၎င်းအချက်အလက်များအပေါ် မူတည်၍ ဖန်တီးကြခြင်းဖြစ်သည်။ ဧပြီလမှ ဇွန်လအတွင်း ဝါဒဖြန့်မှုများတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအပေါ် ပစ်မှတ်ထားဖြန့်ဖြူးခြင်းက ပိုများသည်။ Myanmar Peace Monitor ၏ သတင်းအချက်အလက်အရ ဤသုံးလတာ ကာလတွင် စစ်တပ်နှင့် PDF များကြားတိုက်ပွဲအရေအတွက်ထက် စစ်တပ်နှင့် ERO များအကြားတိုက်ပွဲအရေအတွက်ကပိုများသည်။
- ဝါဒဖြန့်စာမျက်နှာများတွင် အမြဲတစေပါလေ့ရှိသည့် အကြောင်းအရာတစ်ခုမှာ ဗမာ၊ ဗုဒ္ဓဘာသာကိုအခြေပြုသော အမျိုးသားရေးဖြစ်သည်။ ဤအချက်ကိုအခြေခံ၍ ဗမာနှင့် တိုင်းရင်းသား၊ ဗုဒ္ဓဘာသာနှင့်

ခရစ်ယာန်(သို့)အစ္စလာမ်ဘာသာနှင့် အမုန်းတရားပွားစေရန် လှုံ့ဆော်သော အကြောင်းအရာအများ အပြားကိုတွေ့ရသည်။

- ဝါဒဖြန့်စာမျက်နှာများသည် ဝါဒဖြန့်ရှုံသက်သက်သာမက ပြည်သူလူထုအပေါ် အကြောက်တရား လွှမ်းမိုးစေရန် ရည်ရွယ်၍ စစ်ကောင်စီဆန့်ကျင်သူများနှင့် စစ်ကောင်စီဆန့်ကျင်ရေးကို ထောက်ခံသော သူများ၏ အချက်အလက်များကိုဖော်ထုတ်၍ ၎င်းတို့၏စာမျက်နှာများတွင်ဖြန့်ဝေ၍ စစ်ကောင်စီ လက်နက်ကိုင်များက ဖမ်းဆီးထိန်းသိမ်းပေးရန် တိုက်တွန်းခြင်းများပြုလုပ်လေ့ရှိသည်။ ဤနည်းဖြင့် စစ်တပ်၏ လက်တံကိုပြသရာရောက်သလို စစ်ကောင်စီအားဆန့်ကျင်သည့်အပြုအမူ၊ အပြောအဆိုများ မလုပ်ရဲကြရန် ကြောက်စိတ်ကို မြှင်တင့်ပေးခြင်းဖြစ်သည်။

## အစီရင်ခံစာမိတ်ဆက်

စစ်ကောင်စီနှင့် ၎င်း၏ထောက်ခံသူများသည် အာဏာသိမ်းပြီးနောက်ပိုင်း ဝါဒဖြန့်ချီရေးလုပ်ငန်းကို အရှိန်အဟုန်ဖြင့် အားစိုက်လုပ်ကိုင်လာကြသည်ကို အထင်းသားတွေ့ရသည်။ အထူးသဖြင့် ဆိုရှယ်မီဒီယာ ပလက်ဖောင်းတွင် စစ်ကောင်စီ၏ တရားဝင်အဖွဲ့အစည်းနှင့် ၎င်းထိန်းချုပ်ထားသောမီဒီယာများထက် ၎င်းအား ထောက်ခံသူဟု ကြွေးကြော်သူများ၏ ဝါဒဖြန့်ချီမှုက ပိုအားကောင်းသည်ကို တွေ့ရသည်။ Meta ၏ Facebook ကဲ့သို့သော ပလပ်ဖောင်းတွင် စစ်ကောင်စီ၏ တရားဝင်စာမျက်နှာများကို နေရာမပေးခြင်းသည်လည်း အကြောင်းအရင်း တချက်ဖြစ်နိုင်သည်။ ထို့ပြင် အမုန်းတရားကို အခြေခံသောဝါဒမှိုင်းများနှင့် သွေးထိုးလှုံ့ဆော်မှုများကို စစ်ကောင်စီ ထိန်းချုပ်ထားသော အဖွဲ့အစည်းမှတဆင့် ဖြန့်ဝေခြင်းထက် တစ်သီးပုဂ္ဂလများနှင့် မည်သူမည်ဝါ ဖော်ထုတ်မရသော ဆိုရှယ်မီဒီယာစာမျက်နှာများမှ ဖြန့်ဝေခြင်းဖြင့် စစ်ကောင်စီအတွက် တာဝန်ခံမှုမှ လွတ်မြောက်နိုင်မည်ဖြစ်သည်။

၎င်းစာမျက်နှာများ၏ ဝါဒဖြန့်မှုဇာတ်ကြောင်းအများစုတွင် တိုင်းရင်းသားလူနည်းစု၊ အမျိုးသမီးနှင့် ကိုးကွယ်ယုံကြည်ရာ လူနည်းစုများအပေါ် ခွဲခြားဖိနှိပ်ပုံဖော်ခြင်း၊ အစွန်းရောက်သော အမျိုးသားရေး အယူအဆကို မြှင့်တင်ခြင်းနှင့် စစ်ကောင်စီအား ဆန့်ကျင်သူများကို ချေမှုန်းသုတ်သင်ရန် လှုံ့ဆော်မှုများကဲ့သို့သော အန္တရာယ်ရှိသည့် အကြောင်းအရာများ ပါကြသည်။ ထိုသို့သော ဝါဒဖြန့်ချိမှုများ လူထုအပေါ် သက်ရောက်နိုင်မှုသည် အောက်ပါအခြေအနေ (၃) ရပ် ရှိနေသော လူ့အဖွဲ့အစည်းတွင် ပို၍အန္တရာယ်ရှိသည်။ ၎င်းတို့မှာ

(၁) ပြည်သူများတွင် သတင်းအချက်အလက် အပြည့်အစုံမရမှုနှင့် အသိပညာအားနည်းနေသော အခြေအနေ၊

(၂) စိတ်ခံစားချက်များ ပြင်းထန်နေသောအခြေအနေ (ဥပမာ _ အကြောက်တရား၊ အကြမ်းဖက် နှိမ်နင်းသုတ်သင်ခြင်းများ၊ အန္တရာယ် ကျရောက်မည်ကို စိုးရိမ်မှုများ)၊ နှင့် ကျောင်းဆရာ၊ စာရေးဆရာ၊ အနုပညာရှင်၊ ဘာသာရေးခေါင်းဆောင်ကဲ့သို့သော လူထုအတွင်း သြဇာအာဏာရှိသူများမှာ တစ်ဆင့်ဖြန့်ဝေကြသော အခြေအနေတို့ဖြစ်သည်။[1]

The Reg Flag အနေဖြင့် ၎င်းစာမျက်နှာများ၏ ဝါဒဖြန့်မှု အကြောင်းအရာများကို ချဉ်းကပ်မှု အမျိုးမျိုးဖြင့် ခွဲခြမ်းစိတ်ဖြာ၍ လေ့လာစောင့်ကြည့်လျက်ရှိသည်။ ၎င်းစောင့်ကြည့်မှုများတွင် ဝါဒဖြန့်မှုယန္တရား၏ ဇာတ်ကြောင်းတည်ဆောက်ပုံများကို အသေးစိတ်လေ့လာခြင်း၊ ထူးခြားဖြစ်ရပ်များကို နမူနာအနေဖြင့် အသေးစိတ်လေ့လာခြင်းနှင့် ဆိုရှယ်မီဒီယာကုမ္ပဏီများ၏ အရေးယူမှုများကို ကျော်လွှားနိုင်ရန် အသုံးပြုသည့် စကားလုံး

[1] Dijk, T. V. (2006). Discourse and Manipulation. Discourse and Society, vol 17, no. 2, pp. 359-383.

အသုံးအနှုန်းများကို့ လေ့လာစောင့်ကြည့်ခြင်းတို့ပါဝင်သည်။ ဤသုတေသန အစီရင်ခံစာများမှ တဆင့် လူထုကို အသိပေးနိုင်ခြင်း၊ သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများနှင့် ဆိုရှယ်မီဒီယာ ကုမ္ပဏီများကို သတင်းပေးနိုင်ခြင်းတို့ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်သည်။ အကျိုးဆက်အနေဖြင့် လူထုသည် ဝါဒဖြန့်ယန္တယားထောင်ချောက်မှ ရှောင်ရှားနိုင်ပြီး သွေးထိုးလှုံ့ဆော်မှုများ၏ သားကောင်အဖြစ်မှ ရှောင်ရှားနိုင်မည်၊ ဆိုရှယ်မီဒီယာ ကုမ္ပဏီများသည် ၎င်းဝါဒဖြန့် စာမျက်နှာများနှင့် အကြောင်းအရာများကို ထိရောက်စွာဖယ်ရှားနိုင်ရေး မူဝါဒရေးဆွဲမှုများတွင် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ယခုအစီရင်ခံစာသည် ၂၀၂၅ ခုနှစ် ဧပြီလမှ ဇွန်လအထိ The Red Flag ၏ နေ့စဉ်အစောင့်ကြည့်ထားမှုလုပ်ငန်းမှ တဆင့် ရရှိထားသော အချက်အလက်များကို အခြေခံ၍ လေ့လာတင်ပြထားခြင်းဖြစ်သည်။ ဤအစီရင်ခံစာသည် စစ်ကောင်စီနှင့် ၎င်း၏ ထောက်ခံသူများ၏ ဝါဒဖြန့်ယန္တရားမှ ဇာတ်ကြောင်းများကို အထူးပြုလေ့လာတင်ပြထားခြင်းဖြစ်သည်။ ၎င်းဇာတ်ကြောင်းများကို လေ့လာခြင်းဖြင့် မည်သည့်အဖွဲ့အစည်း ပုဂ္ဂိုလ်များကို တိုက်ခိုက်ကြသည်၊ ဤသုံးလအတွင်း မည်သည့်အကြောင်းအရာများကို ဦးစားပေးဖြန့်ဝေကြသည်၊ ဘာကြောင့် ၎င်းအကြောင်းအရာများကို ဦးစားပေးရသည်၊ မြေပြင်တွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ ပဋိပက္ခ အခြေအနေများနှင့် မည်သို့စပ်ဆက်နေသည် ချိတ်ဆက်စဉ်းစားနိုင်မည်ဖြစ်သည်။

## သုတေသနနည်းနာ

၂၀၂၅ ခုနှစ် ဒုတိယသုံးလပတ်အတွင်း The Red Flag ၏ အချက်အလက် စုဆောင်းမှုတွင် Telegram, Facebook ပလက်ဖောင်းများတွင် တွေ့ရသည့် အန္တရာယ်ဖြစ်စေနိုင်သော အကြောင်းအရာ၊ သတင်းအမှား သံသယဖြစ်ဖွယ် အကြောင်းအရာနှင့် သုတေသနအတွက် ကိုးကားရန် အထောက်အထား စသည့် အကြောင်းအရာ စုစုပေါင်း ၅၈၇ ခုသိမ်းဆည်းနိုင်ခဲ့ပါသည်။ ယင်းတို့ကိုအခြေခံ၍ အန္တရာယ်ဖြစ်နိုင်မှု အခြေအနေ (Risk Level)၊ အကြောင်းအရာ အမျိုးအစား (Category)၊ ဆက်နွယ်သည့်ကိစ္စ ( Major Issue)၊ ပစ်မှတ်ထားခံရသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ (Major Target)ဟူ၍ ပိုင်းခြားစိစစ်ခဲ့သည်။




ပုံစာ - ၁ အကြောင်းအရာသိမ်းဆည်းမှု စုစုပေါင်း

The Red Flag က သိမ်းဆည်းခဲ့သည့် အချက်အလက်များတွင် သတင်းတု သတင်းအမှားနှင့် သံသယ ဖြစ်ဖွယ်အကြောင်းအရာများ (Fact-Check)၊ အန္တရာယ်ရှိသော အကြောင်းအရာများ (Dangerous) နှင့်

သုတေသနအတွက် ကိုးကားအသုံးပြုရန် သိမ်းဆည်းသည့် သက်သေအထောက်အထားများ (Intel) စသဖြင့် သုံးပိုင်းခွဲခြားထားသည်။ သတင်းအမှားအဖြစ် သံသယဖြစ်ဖွယ် အကြောင်းအရာ သိမ်းဆည်းနိုင်မှု (၄၂၉) ခု အထိ ရှိပြီး အချက်အလက်စုဆောင်းမှု၏ (၇၀) ရာခိုင်နှုန်းကျော်ကို နေရာယူထားပါသည်။ သတ်ဖြတ်မှု၊ ဖမ်းဆီးမှု၊ လူမျိုးရေး၊ ဘာသာရေး မုန်းတီးမှုများအား လှုံ့ဆော်သည့်အကြောင်းအရာ (၇၀) ခုအထိ သိမ်းဆည်းထားသည်။ ယင်းတို့အနက် အချို့အကြောင်းအရာများသည် ပြည်သူများထိခိုက်မှုဖြစ်စေရန် မြေပြင်အထိပါ လုပ်ဆောင်ခဲ့သည်တို့လည်းရှိသည်။ သုတေသနအတွက် ကိုးကားအသုံးပြုရန် သိမ်းဆည်းသည့် သက်သေ အထောက်အထားများတွင် စုံစမ်းဖော်ထုတ်ရန် ကိစ္စများ၊ စစ်ကောင်စီတပ်အတွက် ဝါဒဖြန့်သူများ အချင်းချင်း အချင်းများသည့် ကိစ္စများ၊ ရေပန်းစား အကြောင်းအရာများနှင့် ဆက်နွယ်ပြီး ပြည်သူကို သို့မဟုတ် တပ်တွင်းကို စည်းရုံးရန် ဖြန့်ဝေသည့် အကြောင်းအရာများ ပါဝင်သည်။

- အန္တရာယ်ရှိမှု အတိုင်းအတာ (Risk level) ကို သတ်မှတ်ရာတွင် အမည်းရောင်အဆင့် (Extreme)၊ အနီရောင်အဆင့် (High)၊ လိမ္မော်ရောင်အဆင့် (Medium)၊ အဝါရောင်အဆင့် (Low) နှင့် အစိမ်းရောင် အဆင့် (None) စသဖြင့် သတ်မှတ်ခဲ့သည်။ အမည်းရောင်အဆင့်တွင် ကိုယ်ထိလက်ရောက် ကျူးလွန်သည့်ဖြစ်စဉ်၊ သုတ်သင်ရန်၊ လေကြောင်းမှတစ်ဆင့်တိုက်ခိုက်ရန်အတွက် ခြိမ်းခြောက်လှုံ့ဆော်သည့် ဖြစ်စဉ်များ ပါဝင်သည်။ အနီရောင်အဆင့်တွင်မြေပြင်၌ ဖမ်းဆီးရန်လှုံ့ဆော်ခြင်း၊ လူမျိုးရေးဘာသာရေး အဓိကရုဏ်းဖြစ်ရန် လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်ခြင်းစသည့် ကိစ္စရပ်များ ပါဝင်သည်။ လိမ္မော်ရောင်အဆင့်တွင် ပြဿနာဖြစ်စေနိုင်သော်လည်း မြေပြင်တွင် သက်ရောက်မှု ရာခိုင်နှုန်း အနည်းအကျဉ်းသာ ရှိသည့်ကိစ္စရပ်များ၊ ဆက်လက်သတိထားစောင့်ကြည့်ရန်ကိစ္စများ ပါဝင်သည်။ အဝါရောင်နှင့် အစိမ်းရောင်တို့တွင် ပါဝင်သည့် အကြောင်းအရာများသည် မြေပြင်တွင်သက်ရောက်မှုတစ်စုံတစ်ရာ မရှိသည့် ကိစ္စများဖြစ်ပြီး သုတေသန လုပ်ငန်းစဉ်နှင့် စောင့်ကြည့်ရေး၊ စုံစမ်းဖော်ထုတ်ရေးလုပ်ငန်းစဉ်တို့အတွက် သိမ်းဆည်းထားရမည့် အကြောင်းအရာများဖြစ်ကြသည်။




ပုံစာ - ၂ အန္တရာယ်ဖြစ်နိုင်မှုအတိုင်းအတာ ပိုင်းခြားသတ်မှတ်ခြင်း

## တွေ့ရှိချက်များ

၂၀၂၅ ခုနှစ် ဧပြီလမှ ဇွန်လအထိ (၃) လအတွင်း စောင့်ကြည့်မှုအချက်လက်များမှတဆင့် ထင်ရှားသည့် တွေ့ရှိချက်များကို လေ့လာသုံးသပ်ဖော်ပြသွားမည်ဖြစ်သည်။ ထိုသို့တင်ပြရာတွင် စစ်ကောင်စီ၏အွန်လိုင်း ဝါဒဖြန့်ယန္တရားများထဲမှ တွေ့ရှိရသောအကြောင်းအရာများကို ဇာတ်ကြောင်း (၇) ခုခွဲ၍ တင်ပြသွားမည်ဖြစ်သည်။ ဇာတ်ကြောင်း တည်ဆောက်ပုံများမှာလည်း ၎င်းတို့ပစ်မှတ်ထားသည့် ဦးတည်အုပ်စု၊ စစ်ရေးအခြေအနေနှင့် ပဋိပက္ခများမူတည်၍ ဦးစားပေးမှုကွာခြားကြသည်။ အချို့သောဇာတ်ကြောင်းတည်ဆောက်ပုံများသည် ၎င်းတို့စွဲကိုင်ထားသော အတွေးအခေါ်အယူအဆများအပေါ်အခြေခံ၍ အစဉ်တစိုက်ဖြန့်ဝေသည့်ပုံစံဖြစ်ပြီး၊ အချို့မှာ စစ်ကောင်စီကိုဆန့်ကျင်သော တော်လှန်ရေးအုပ်စုများအကြားဖြစ်ပေါ်လာသော အက်ကြောင်းများ၊ ပြဿနာများပေါ်တွင် အခြေခံ၍ တည်ဆောက်ခြင်းဖြစ်သည်။

## ဇာတ်ကြောင်း (၁) - သဘာဝသယံဇာတအခြေပြု တရားမဝင်ဆောင်ရွက်မှုများ

စစ်ကောင်စီဘက်ယိမ်းသည့် ဝါဒဖြန့်ချိရေးစာမျက်နှာများတွင် တိုင်းရင်းသားလက်နက်ကိုင်များနှင့် တော်လှန်ရေးအင်အားစုများအား မြေရှားသတ္တု၊ ရွှေတူးဖော်မှု၊ ရေမဆေးကျောက်၊ စက်သုံးဆီစသည့် သယံဇာတများနှင့်ပတ်သက်၍ တရားမဝင်ခိုးထုတ်မှုနှင့် အကြမ်းဖက်မှုများလုပ်ဆောင်နေသည်ဟု မကြာခဏဖြန့်ချိလေ့ရှိပါသည်။




ပုံစာ - ၃ လက်နက်ကိုင်အဖွဲ့များက သယံဇာတများ၊ငွေကြေးများနှင့်ပတ်သက်၍ တရားမဝင်ဆောင်ရွက်နေသည်ဟု ဖြန့်ဝေမှုများ

ကချင်ပြည်နယ်အထူးဒေသ (၁) တွင် KIA နှင့် ယူနန်ပြည်နယ် တရုတ်အစိုးရတို့ ပူးပေါင်းပြီး မြန်မာ့သယံဇာတခိုးထုတ်လျက်ရှိရာ[2] မြေရှားသတ္တုများကိုခိုးထုတ်နေပြီး ဘီလျံချီသည့်ငွေကြေးများကို ကိုယ်ကျိုးအတွက်

[2] https://archive.ph/wip/Sd7qj

သာရှာဖွေလျက် တိုင်းရင်းသားများအားလူစဉ်မမီအောင်ပြုလုပ်နေကြောင်း ရုပ်သံအချို့နှင့်ဖြန့်ချိ[3]ခဲ့သည်။ ကချင်ပြည်နယ်အထူးဒေသ (၁) သည် ယခင်က စစ်ကောင်စီနှင့် ပြည်သူ့စစ်ခေါင်းဆောင် ဇခုန်တိန့်ယိမ်း ဦးဆောင်သည့် ပြည်သူ့စစ်၊ BGF အဖွဲ့များမှ ထိန်းချုပ်ထားခြင်းဖြစ်ပြီး ထိုစဉ်ကတည်းကပင် မြေရှားသတ္တုတူးဖော်ရေးနှင့် တစ်သျှူးငှက်ပျောများကို တရုတ်နိုင်ငံဘက်သို့တင်ပို့နေခြင်းဖြစ်သည်။ ထို့ပြင်ချီဖွေဒေသတွင် KIA ကမြေရှားသတ္တုများ အလွန်အကျွံခိုးထုတ်နေ၍ ချီဖွေချောင်းရှိရေများညစ်ညမ်းပြီး အရောင်ပြောင်းကုန်သဖြင့် ပြည်သူများဒုက္ခရောက်နေရကြောင်း ဒေသခံများကပြောဆိုသည်ဟုဆိုကာ ဓာတ်ပုံတပုံဖြင့်ဖြန့်ချိခဲ့[4]သေးသည်။ ကချင်တပ် KIA/KIO သည် ပန်ဝါနယ်စပ်ဂိတ်မှတဆင့် မြေရှားသတ္တုများခိုးထုတ်နေသည့်ရုပ်သံဟုဆိုကာ စိစစ်၍မရသောရုပ်သံတခုကိုလည်း ဖြန့်ချိမှု[5]ရှိခဲ့သည်။

ဇွန်လတတိယအပတ်တွင်လည်း KIA အဖွဲ့က ရေမဆေးသမားများအား လက်နက်ဖြင့် ခြိမ်းခြောက်ပေါ်တာဆွဲပြီးနောက် ထွက်ပြေးသူများကို သေနတ်နှင့်လိုက်လံပစ်သတ်သည်ဟူသော ရုပ်သံဖိုင်တစ်ခု[6]ကို စစ်တပ်ကျောထောက်နောက်ခံပြုထားသည့် Telegram စာမျက်နှာဖြစ်သော မိုင်းဝေက ဖြန့်ဝေခဲ့သည်။ ရုပ်သံဖိုင်သည် ညအချိန်တွင်ရိုက်ကူးထားခြင်းဖြစ်ပြီး ထွက်ပြေးသူများနှင့်ပစ်ခတ်သံများ ပါဝင်သော်လည်း မည်သည့်ဖြစ်စဉ်ကို မှတ်တမ်းတင်ထားကြောင်း အတည်ပြုနိုင်ခြင်းမရှိပေ။

ရှမ်း-ကယားနယ်စပ်ရှိကျေးရွာများတွင် KNPP+KNDF (ကရင်နီအမျိုးသားတိုးတက်ရေးပါတီ+ကရင်နီအမျိုးသားကာကွယ်ရေးတပ်ဖွဲ့) များက ငွေစက္ကူအတုများဖြန့်ဝေနေကြောင်း မသက်ဆိုင်သည့်ဓာတ်ပုံတပုံဖြင့် ဖြန့်ဝေကာ[7] ကရင်နီဒေသကို ထိန်းချုပ်ထားသည့် တော်လှန်ရေးအင်အားစုများအား ထိုးနှက်တိုက်ခိုက်ခဲ့သည်။ ဖြန့်ချိရာတွင် ပါဝင်သည့်ဓာတ်ပုံသည် ကရင်နီဒေသတွင်း သတင်းဌာနများ၌ ကရင်နီတွင် ငွေစက္ကူအတုလက်ခံရရှိမှု ပမာဏများပြားသဖြင့် လူထုအနေဖြင့်သတိထားရန်လိုကြောင်း သတင်း[8]တွင်ဖော်ပြထားသည့် ဓာတ်ပုံများ ဖြစ်ကြောင်းတွေ့ရသည်။

တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနှင့် တော်လှန်ရေးအင်အားစုများသည် သဘာဝသယံဇာတများအား ခိုးယူထုတ်လုပ်ရုံသာမက ဒေသခံပြည်သူများအပေါ်တွင်လည်း အနိုင်ကျင့်အမြတ်ထုတ်နေ

---

[3] https://archive.ph/wip/OGeQ6

[4] https://archive.ph/tgMAN

[5] https://archive.ph/wip/BboLg

[6] https://archive.ph/g88wJ

[7] https://archive.ph/yFFeU

[8] https://www.facebook.com/KantarawaddyTimes/posts/pfbid0xLA68rR6aoum7Je5UbLtdj3mqEzsS6UAcjVaiS2CGvyb7GMREePY68cn6fJDmpByl

သည်ဟု စစ်ကောင်စီဘက်ယိမ်းသည့်စာမျက်နှာများတွင် စဉ်ဆက်မပြတ်ဖော်ပြကြသည်။ သို့ရာတွင် စစ်ကောင်စီတပ်က KIA အားဆက်ကြေးပေးကာ ခိုးတူးနေရသည့်ဖားကန့်ဒေသရှိ တပိုင်တနိုင် ရေမဆေးရှာသူများကို လုပ်ကွက်များအတွင်းသို့ ဝင်ရောက်ရှာဖွေခွင့်ပြုခဲ့၍ ပြည်သူများကဝမ်းသာလျက်ရှိကြောင်း တန်ပြန်ဖြန့်ချိ[9]ခဲ့သည်။ အဆိုပါဖြစ်စဉ် အမှန်တကယ်ရှိမရှိ လွတ်လပ်သော သတင်းမီဒီယာဌာနများတွင် ဖော်ပြထားခြင်းမရှိဘဲ စစ်ကောင်စီဘက်ယိမ်းသည့်စာမျက်နှာများက တစ်ဖက်သက်ဖြန့်ဝေနေခြင်းဖြစ်သည်။ လွတ်လပ်သောသတင်းမီဒီယာများတွင် ဖားကန့်ရှိကျောက်တွင်းလုပ်ကွက်တချို့ကို စစ်တပ်ကဝင်ရောက်စီးနေပြီး မီးရှို့နေကြောင်း[10]၊ လုံးခင်းတွင် ကျောက်စိမ်းကုမ္ပဏီတခု၏ကားနှင့်ဘတ်ဟိုးပေါင်း၃စီးအား စစ်ကောင်စီမီးရှို့ဖျက်ဆီးခဲ့ကြောင်း[11] စသည့် သတင်းများကိုသာ တွေ့ရသည်။ မိုးကုတ်ဂေါက်ကွင်းတွင်မူ TNLA က ကျောက်တူးဖော်မှု ပြုလုပ်နေကြောင်းနှင့် ဂြိုဟ်တုမှ ရိုက်ကူးထားသည့် ဓာတ်ပုံများက မှန်ကန်ကြောင်းပြသပြီး ဂေါက်ကွင်းကို ကျောက်တူးဖော်သည့် လုပ်ငန်းများကဖျက်ဆီးနေသည်ဟု ဒေသခံများ၏ပြောဆိုချက်ဖြင့် Irrawaddy သတင်းဌာနက သတင်းတင်ဆက်ထားသည်။

---

9 https://archive.ph/3cseY, https://archive.ph/gK3nZ

10 https://myanmar-now.org/mm/news/64164/

11 https://www.facebook.com/watch/?v=607773441695584

## ဇာတ်ကြောင်း (၂) - အချင်းချင်းဖိနှိပ်သတ်ဖြတ်နေကြသည့် လက်နက်ကိုင်အင်အားစုများ

စစ်ကောင်စီကို ဆန့်ကျင်နေသည့် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများသည် အချင်းချင်းဖမ်းဆီးခြင်း၊ ဖိနှိပ်ခြင်း၊ သတ်ဖြတ်ခြင်းများ ပြုလုပ်လေ့ရှိကြသည်ဟု ဖန်တီးထားသည့်ဇာတ်ကြောင်းသည်လည်း စစ်ကောင်စီဘက် ယိမ်းသည့် ဝါဒဖြန့်စာမျက်နှာများတွင် မကြာခဏပုံနှိပ်သည့်ဇာတ်ကြောင်းတစ်ခုဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် KIA လိုင်ဇာဌာနချုပ်တွင် ဗိုလ်သင်တန်းတက်နေသည့် TNLA ဗိုလ်လောင်း ၇ ဦးကို KIA သတ်ပစ်ခဲ့သည်[12]ဟု ဝါဒဖြန့်စာမျက်နှာတခုက ၂၀၂၅ ခုနှစ်မေလတွင် ဖြန့်ဝေခဲ့သည်။ သို့သော် ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်တွင် ဖြစ်ပွားခဲ့သည့် KIA ဗိုလ်သင်တန်းကျောင်းကို လက်နက်ကြီးထိမှန်မှုကြောင့် သေဆုံးခဲ့သည့် ဗိုလ်လောင်းအကြောင်း[13]သတင်းဌာနများတွင် ဖော်ပြခဲ့ပြီးပစ်ခတ်သည့်အဖွဲ့မှာ စစ်တပ်ဖြစ်ကြောင်းဖော်ပြထားပါသည်။




[12] https://archive.ph/6Gyex
[13] https://burmese.voanews.com/a/2528956.html




ပုံစာ - ၄ လက်နက်ကိုင်အဖွဲ့များအချင်းချင်းဖိနှိပ်သတ်ဖြတ်နေကြသည်ဟုဖြန့်ဝေမှု

ထိုပြင်ရှမ်းနီလူမျိုးများကို KIA နှိပ်စက်နေကြောင်း အကြောင်းအရာများစွာရေးသား၍ ရုပ်သံဖိုင်တခုဖြင့် တွဲဖက်ဖြန့်ချိခဲ့သည်။ ဖြန့်ချိသည့် ရုပ်သံဖိုင်၏ စာတမ်းထိုးဖော်ပြမှုတွင် ရှမ်းနီလူမျိုးဖြစ်၍ PDF များကနှိပ်စက်နေကြောင်း ရေးသားထားပြီး ဖမ်းဆီးခံထားရသည့် အမျိုးသား၊ အမျိုးသမီးများကို ဓားများဖြင့် နှိပ်စက်နေသည်ကို တွေ့ရသည်။ ထိုသို့နှိပ်စက်သတ်ဖြတ်နေသည့် လက်နက်ကိုင်အဖွဲ့အစည်းသည် မည်သည့်အဖွဲ့အစည်းဖြစ်သည်ကို သတင်းဌာနများက ဖော်ပြထားခြင်း မရှိသေးသည့်အပြင် The Red Flag အနေဖြင့် အတည်ပြုနိုင်ခြင်း မရှိထားပေ။ တော်လှန်ရေးအင်အားစုများက ကျူးလွန်ခြင်းမှန်ကန်ပါက ဖော်ထုတ်အရေးယူသင့်သော ကိစ္စရပ်ဖြစ်သော်လည်း စစ်ကောင်စီဝါဒဖြန့်စာမျက်နှာများကမူ လိုသလိုပုံဖော်၍အချင်းချင်းဖိနှိပ်ညှင်းပန်းမှုများကို လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများက တရားဥပဒေမဲ့အမြဲလုပ်ဆောင်နေသည်ဟု မကြာခဏ ဖြန့်ဝေသည်မှာ သတိချပ် စရာဖြစ်သည်။

၂၀၂၅ ခုနှစ် မေလတွင်လည်း ငွေအလွဲသုံးစားလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ အမေရိကန်မှထောက်ပံ့သည့် ချင်းအမျိုးသမီးတစ်ဦးကို CNA/CNF (ချင်းအမျိုးသားတပ်ဦး)က လုပ်ကြံအစဖျောက်လိုက်ကြောင်း[14] ဝါဒဖြန့်စာမျက်နှာများတွင်ပျံ့နှံ့ခဲ့သည်။ PDF များကိုတိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများက အပျောက်ရှင်းနေသည်ဆိုသည့် အကြောင်းအရာပျံ့နှံ့မှုများကို ဇာတ်ကြောင်း (၂) နှင့်ပတ်သက်၍ စဉ်ဆက်မပြတ်တွေ့နေရသည်။ ရှေ့တန်းမလိုက်လိုသည့် PDF များအား KIA ကအပျောက်ရှင်းနေပြီး အသေခံစစ်တိုက်ခိုင်းနေ၍ PDF များထွက်ပြေးနေရကြောင်းနှင့် စစ်တိုက်ပြီးဓာတ်ပုံရိုက်ချိန်မှသာ KIA ကရောက်လာသဖြင့် နှစ်ဘက်ပွတ်တိုက်မှုများနေသည်ဟု အကြောင်းအရာတခုကို စစ်ကောင်စီထောက်ခံသည့်စာမျက်နှာများက ဖြန့်ဝေခဲ့[15]သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအချင်းချင်း အချင်းများသည့်ကိစ္စများသည်စိုးမိုးနယ်မြေများ မြန်မာနိုင်ငံနေရာ အနှံ့အပြားတွင်ပေါ်ထွက်လာပြီးနောက် ပိုမိုများပြားလာသည်။ လွတ်လပ်သောသတင်းဌာနများ၏ ဖော်ပြမှုတွင်လည်း တစထက်တစ မြင်လာရသည်။ အခွင့်ကောင်းယူတတ်သော စစ်ကောင်စီသည် အဆိုပါကိစ္စများကို အခြေခံ၍ မဟုတ်မမှန်အကြောင်းအရာများ၊ အမှန်တဝက် အမှားတစ်ဝက် အကြောင်းအရာများကို မကြာခဏ ဖြန့်ဝေလေ့ရှိသည်။ ၂၀၂၅ ခုနှစ်ဧပြီလဆန်းပိုင်းက ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး/ပလောင် (တအာင်း) အမျိုးသားလွတ်မြောက်ရေးတပ်မတော် (PSLF / TNLA) အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်တာဘုန်းကျော်က KIA နှင့် ရှည်ရှည်ဝေးဝေး ဆွေးနွေးစရာမလိုဘဲ ပြည်နယ်ထဲက ထွက်ခွာပေးရန် ရေးသားထားသည်ဆိုသော Screenshot[16]ကို စစ်ကောင်စီဘက်ယိမ်းသည့်ဝါဒဖြန့်ချိရေးစာမျက်နှာများက ဖြန့်ဝေခဲ့သည်။ အဆိုပါအကြောင်းအရာသည် ဗိုလ်ချုပ်တာဘုန်းကျော်ရေးသားခြင်းမဟုတ်ဘဲ ပြုပြင်ထားသည့် စာအတု ဖြစ်ကြောင်း People Spring သတင်းဌာနကအချက်အလက်စိစစ်ခဲ့ပါသည်[17]။

ထို့ပြင် TNLA ၏မူးယစ်ဆေးဝါးများစွာကို NUG က ဖမ်းဆီးခဲ့၍ ရှမ်းမြောက်တွင် TNLA က PDF များကို ဖမ်းဆီးမှုများ ဆက်တိုက်လုပ်ဆောင်ခဲ့သည်ဟု စစ်ကောင်စီကျောထောက်နောက်ခံတယ်လီဂရမ်စာမျက်နှာ တခုဖြစ်သည့် မှိုင်းဝေအမှတ်တံဆိပ်ဖြင့် အကြောင်းအရာဖြန့်ဝေမှုကိုတွေ့ရှိခဲ့သည်။ အာဏာရှင်ဆန့်ကျင်ရေးလက်နက်ကိုင်အင်အားစုများအချင်းချင်း ဖိနှိပ်နေသည်ဟုဖန်တီးဖြန့်ဝေသည့်အကြောင်းအရာများသည် ဖတ်ရှုသူများအတွက် နားလည်မှုလွဲမှားစေနိုင်ပြီးအင်အားစုအချင်းချင်းကြားတွင်လည်း အမုန်းတရားအရှိန်အဟုန်ပိုမို

14 https://archive.is/wip/35gyL

15 https://archive.ph/S5q31

16 https://archive.ph/2kO9a

17 https://www.facebook.com/watch/?v=656397167147785

ကြီးမားစေနိုင်သည်။

တအာင်းတပ် (TNLA) က ကောက်ခံနေသည့် လစဉ်ဆက်ကြေးများအား မပေးဆောင်ခြင်းကြောင့် ဒေသခံ ပလောင်လူမျိုးများအား ဖမ်းဆီးကာ ရိုက်နှက်ပြစ်ဒဏ်ပေးနေသည်[18]၊ ဗန်းမော်တိုက်ပွဲတွင် သေဆုံးသည့် KIA တပ်သား၏ ဖုန်းအတွင်းမှ KIA က ဗမာ PDF များအား သတ်ဖြတ်ထားသည့် ရုပ်သံပေါင်း နှစ်ရာကျော်ကိုတွေ့ရှိ[19]၊ ကရင်ပြည်နယ်၊ တပ်မဟာ ၆ တွင် KNU များက အနိုင်ကျင့် ဖိနှိပ်ခြင်း များကြောင့် PDF များက လက်နက်များ ယူဆောင်၍ ကိုယ်လွတ်ရုန်းထွက်ပြေးနေသည်[20]၊ ကရင်အမျိုးသား အစည်းအရုံး (KNU) က ထိုင်းနိုင်ငံရှိ ခေတ်သစ် မီဒီယာအား ကျည်နှစ်တောင့်ဖြင့် ခြိမ်းခြောက်စာပို့ခဲ့[21]စသည့်အကြောင်းအရာများဖြင့် အာဏာရှင်ဆန့်ကျင်ရေး လက်နက်ကိုင်အင်အားစုများ အချင်းချင်းဖိနှိပ်နေသည်ဆိုသည့် ဇာတ်ကြောင်းအား ကောင်းစေရန် စစ်ကောင်စီ အားပေးဝါဒဖြန့်စာမျက်နှာများကဖြန့်ဝေခဲ့သည်။

[18] https://archive.ph/IgjF9

[19] https://archive.ph/649Vn, https://archive.ph/Kk1rr

[20] https://archive.ph/49o27

[21] https://archive.ph/M0scP

## ဇာတ်ကြောင်း (၃) - အမျိုးသမီးနှင့်ကလေးသူငယ်များကို အကြမ်းဖက်နေသည့် PDF

တော်လှန်ရေးအင်အားစုများ အချင်းချင်းအငြင်းပွားခြင်း၊ ဖိနှိပ်ခြင်း၊ တရားဥပဒေမဲ့ကျူးလွန်ခြင်းကိစ္စရပ်များသည် စစ်ကောင်စီထောက်ခံသူများအတွက် သည်းခြေကြိုက်ထပ်ဆင့်ဖန်တီးစရာ အကြောင်းအရာများ ဖြစ်သည်။ တော်လှန်ရေးအင်အားစုများ၏ စိုးမိုးနယ်မြေ အများအပြားရှိလာသော်လည်း တရားဥပဒေစိုးမိုးရေး အပြည့်အဝ အကောင်အထည်ဖော်ရန် စိန်ခေါ်မှုများရှိနေသည့် ကာလဖြစ်သည့်အလျောက် အချို့ဖြစ်စဉ်များ ဖြစ်ပွားနေသည်ကို လွတ်လပ်သောသတင်းမီဒီယာများကပါ သတင်းဖော်ပြမှုရှိနေသည်။ စစ်ကောင်စီထောက်ခံသူများသည် ထိုဖြစ်စဉ်များအပေါ် မှီငြမ်းပြီး ပုံကြီးချဲ့ဖန်တီးခြင်း၊ အမှန်အမှားရောထွေးဖော်ပြခြင်းနှင့် လုပ်ကြံဖန်တီးသည့် အကြောင်းအရာများဖြန့်ဝေခြင်းကို တွင်တွင်ကျယ်ကျယ်ပြုလုပ်နေသည်။ ထိုဖန်တီးမှုများအနက် အမျိုးသမီးနှင့် ကလေးသူငယ်များကို တော်လှန်ရေးအင်အားစုများက နှိပ်စက်အနိုင်ကျင့်နေသည်ဆိုသည့် ဇာတ်ကြောင်းအား ပိုမိုအားကောင်းစေရန် အကြောင်းအရာအများအပြား ဖန်တီးဖြန့်ဝေလျက်ရှိနေသည်။









ပုံစာ - ၅ အမျိုးသမီးနှင့်ကလေးငယ်များကို PDF များအကြမ်းဖက်နေကြသည်ဟု ဖြန့်ဝေမှု

ဧပြီလနှင့် မေလများတွင် PDF နှင့် တေိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအင်အားစုများက အမျိုးသမီးများအား မုဒိန်းကျင့်ခြင်း၊ ကလေးသူငယ်များအားသတ်ဖြတ်ခြင်းနှင့် တပ်သားသစ်အဖြစ်စုဆောင်ခြင်းများကိုကျူးလွန်ခဲ့သည်ဟု စစ်ကောင်စီ ထောက်ခံဝါဒဖြန့် စာမျက်နှာများတွင် အကျယ်တဝင့်ဖြန့်ဝေခဲ့ကြသည်။ ငါးမည်ရ PDF အဖွဲ့က အမျိုးသမီးနှစ်ဦးကို ငွေကြေးလိမ်လည်သည်ဟုစွပ်စွဲကာ လက်နက်ဖြင့်ခြိမ်းခြောက်ဖမ်းဆီးပြီး မုဒိန်းကျင့်[22]သည်ဟု လည်းကောင်း၊ ယင်းမာပင်ခရိုင် အမှတ်၁၇ PDF တပ်ရင်းမှူးမှ PDF အမျိုးသမီး

[22] https://archive.ph/QdoIv

တဦးကို အစမွပြုကျင့်သည်[23]ဟုလည်းကောင်း၊ နမ့်ခမ်းမြို့နယ်ဟိုနားကျေးရွာတွင် TNLA တဦးမှ ကလေးငယ် တဦးကို ရိုက်နှက်မှုကြောင့် သေဆုံးခဲ့သည်[24]ဟုလည်းကောင်း၊ MDY-PDF (ပြည်သူ့ကာကွယ်ရေးတပ်မတော်-မန္တလေး) က အသက်မပြည့်သေးသည့် ကလေးငယ်များနှင့် စိတ်ကျန်းမာရေး မကောင်းမွန်သူများ(မူရင်းတွင်ကြပ် မပြည့်သူများဟု သုံးနှုန်းထား) ကို အတင်းအဓမ္မခြိမ်းခြောက်ဖမ်းဆီး လူသစ်စုဆောင်းပြီးနောက် တိုက်ပွဲများတွင် ရှေ့ဆုံးမှအသေခံတိုက်ခိုင်းသဖြင့် အသေအပျောက်များနေသည်ဟုလည်းကောင်း[25] အကြောင်းအရာများဖန်တီး၍ စွပ်စွဲခဲ့ကြသည်။

ထို့ပြင် ကောလင်းခရိုင်၊ ဝန်းသိုမြို့နယ်တွင် NUG လက်အောက်ခံ PDF များသည် အသက် ၄ လအရွယ် ကလေးငယ်အပါအဝင် ၇ ဦးကို သတ်ဖြတ်ခဲ့သည်ဟု ဝါဒဖြန့်စာမျက်နှာများကဖြန့်ဝေခဲ့ပြန်သည်[26]။ မကွေးတိုင်း ပေါက်မြို့နယ် ယာပြင်ကြီးကျေးရွာတွင်လည်း ချောင်းထဲတွင်ရေချိုးနေသော သုံးနှစ်အရွယ်ကလေးငယ်အား PDFအဖွဲ့ကပစ်သတ်သွားကြောင်း ဝါဒဖြန့်စာမျက်နှာကဆိုသည်[27]။ လွတ်လပ်သောသတင်းမီဒီယာများနှင့် နိုင်ငံတကာ သတင်းဌာနများ၏ ဖော်ပြချက်များတွင် စစ်ကောင်စီ၏ စစ်ရာဇဝတ်မှု ကျူးလွန်ချက်များ၊ ကလေးသူငယ်များကို သတ်ဖြတ်မှုများနှင့် အရပ်သားသေဆုံးရန်စစ်ဆင်ရေး ဆောင်ရွက်မှုများ မကြာခဏ ပါဝင်သည်။ သို့ရာတွင် စစ်ကောင်စီထောက်ခံသည့် စာမျက်နှာများကမူ ကလေးသူငယ်များအား သတ်ဖြတ်ရန်နှင့် သေဆုံးရန် ပြုလုပ်နေသူများသည် တော်လှန်ရေးအင်အားစုများဖြစ်သည်ဟု တွင်တွင်ပြောဆိုနေကြသည်။

စစ်ကောင်စီလေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့သည့် ကလေးငယ်များသည် မိဘဖြစ်သူများက လက်နက်ကိုင်အကြမ်းဖက်သမားများဖြစ်ပြီး သားသမီးများကို အတွေးခေါ်မှားများ ဝင်ရန်သင်ပေးခြင်း၊ လက်နက်ကိုင်၍ ဓာတ်ပုံရိုက်ခိုင်းခြင်းများကြောင့်ဖြစ်သည်[28]ဟု စစ်ကောင်စီထောက်ခံသူများက ဖုံးကွယ်ပေးကြသည်။ NUG လက်အောက်ခံ PDF များက စာသင်ကျောင်းများတွင် စခန်းချပြီး လက်လုပ်ဗုံးများပြုလုပ်ခြင်း၊ ကလေးငယ်များအား လူသားဒိုင်းကာအဖြစ် အသုံးပြုခြင်းများကြောင့် ပျက်စီးသေဆုံးမှုများဖြစ်နေသည့် ပုံစံဖန်တီး၍ နိုင်ငံတကာအဖွဲ့အစည်းများက မကန့်ကွက်ဘဲရေငုံနှုတ်ပိတ်နေနေကြကြောင်း ပြစ်တင် ပြောဆိုခြင်းများလည်း စစ်ကောင်စီထောက်ခံသည့်စာမျက်နှာများက တစိုက်မတ်မတ် ပြုလုပ်လျက်ရှိသည်[29]။

---

[23] https://archive.ph/1Sk16

[24] https://archive.ph/z3jcw

[25] https://archive.ph/wFlPM

[26] https://archive.ph/wip/ihycA

[27] https://archive.ph/wip/ihycA

[28] https://archive.is/qogeC

[29] https://archive.ph/HUQKu

NUG အပါအဝင် PDF များနှင့် တော်လှန်ရေးအင်အားစုများက ကလေးစစ်သားအသုံးပြုပြီး လက်နက်စမ်းသပ်ခြင်းများကြောင့် ကလေးများစွာ ဒုနဲ့ဒေးသေဆုံးနေရခြင်းဖြစ်သည်ဟု ထိုစာမျက်နှာများက ပုံဖော်ခဲ့သည်[30]။ "ဝ"တပ်ဖွဲ့ UWSP/UWSA ကလည်း တပ်သားအသစ်မပေးနိုင်လျှင် ကလေးစစ်သားကောက်ယူမည်ဟု ပြောဆိုခဲ့သည်[31] ဆိုသည့် အကြောင်းအရာလည်းပါဝင်သည်။ စစ်ကောင်စီနှင့် ၎င်းဆက်စပ်အဖွဲ့အစည်းများကမူ ကလေးသူငယ်များနှင့်ပြည်သူဘေးကင်းရေးအတွက် ဆောင်ရွက်နေကြောင်းဝါဒဖြန့်ခဲ့သည်။ မန္တလေးတိုင်း မြင်းခြံမြို့၌ PDF အုပ်စုထဲဝင်ရောက်ရန် စည်းရုံးခံထားရသောကလေးငယ်များကို ဒေါ်သီတာယုမွန်ဦးဆောင်သည့် ပြည်သူ့စစ်အဖွဲ့က အချိန်မီတားဆီးကယ်တင်နိုင်ခဲ့ကြောင်းရုပ်သံတစ်ခုဖြင့်[32] ဖြန့်ဝေမှုရှိခဲ့သည်။

PDF များသည် စစ်ရေးကဏ္ဍကိုသာမက ပညာရေးကဏ္ဍကိုပါ ဖျက်လိုဖျက်ဆီးလုပ်နေကြသည်ဟု ထင်ရစေရန် စာသင်ကျောင်းနှင့် ပညာရေးဆက်စပ်ပစ်မှတ်များကို တိုက်ခိုက်နေကြောင်းဖန်တီးထားသည့် အကြောင်းအရာများလည်းရှိသည်။ ကျောင်းဖွင့်ခြင်းအားဟန့်တားရန်အတွက် NUG လက်အောက်ခံ ပ.က.ဖ (ပြည်သူ့ကာကွယ်ရေး) အဖွဲ့များက မုံရွာ၊ အ.ထ.က (၁) ရှေ့ ကလေးများရှေ့တွင်ပင် ကျောင်းစောင့်နှစ်ဦးအားရက်ရက်စက်စက် ပစ်သတ်သွားကြောင်း Freedom News Group စာမျက်နှာက ရုပ်သံဖိုင်တစ်ခု[33]ဖြန့်ဝေခဲ့သည်။ ယင်းတူညီသည့် ရုပ်သံကို ဘညွန့်တယ်လီဂရမ်ချန်နယ်မှ စတင်ဖြန့်ချိခဲ့ခြင်းဖြစ်ပြီး ဆိုင်ကယ်လုကြောင်း[34]ဖော်ပြထားရာ သတင်းတုသတင်းမှားဖြန့်ဝေနေကျ စာမျက်နှာများအချင်းချင်းကြားတွင်ပင် ကွဲလွဲသောဖော်ပြချက်များဖြင့် ဝေဝါးစေခဲ့သည်။ ထို့ပြင်ညောင်ဦးတွင် Grade-12 (တက္ကသိုလ်ဝင်စာမေးပွဲ) ပြန်လည်ဖြေဆိုနေသည့် ကျောင်းသား၊ ကျောင်းသူများ၏ မိဘများအား PDFကခြိမ်းခြောက်မှုပြုလုပ်ခဲ့သဖြင့် စာမေးပွဲဆက်လက်ဖြေဆိုနိုင်ခြင်းမရှိဘဲနေရပ်သို့ပြန်လည်ထွက်ခွာရကြောင်း[35]လည်း ဖြန့်ဝေခဲ့သည်။

---

30 https://archive.ph/7zRqq

31 https://archive.ph/DzsOa

32 https://archive.ph/hVgZC

33 https://archive.ph/7PvmN

34 https://archive.ph/52UpL

35 https://archive.ph/ea945

## ဇာတ်ကြောင်း (၄) - သူလျှိုဟုပုံဖော်၍ သပ်လျှိုသင်းခွဲခြင်း

သူလျှို၊ စပိုင်၊ ထောက်လှမ်းရေး၊ ဒလန် အစရှိသည့် စကားလုံးများအား စစ်ရေးလှုပ်ရှားမှုလမ်းကြောင်းများကို ဝေဝါးစေရန်နှင့် ဆန့်ကျင်ဘက်အင်အားစုများကို စိတ်ဓာတ်စစ်ဆင်ရေးပြုလုပ်ရန်အတွက် မြန်မာ့နိုင်ငံရေးနှင့် စစ်ရေးသမိုင်းတွင် မကြာခဏ အသုံးပြုလေ့ရှိကြသည်။ စစ်ကောင်စီဘက်တွင် တော်လှန်ရေးအင်အားစုများအတွက် အချက်အလက်များပံ့ပိုးပေးနေသည့် ဖရဲသီးဝန်ထမ်းများ ရှိသကဲ့သို့ တော်လှန်ရေးအင်အားစုများဘက်တွင်လည်း စစ်ကောင်စီအတွက် အချက်အလက် ထောက်လှမ်းပေးနေသည့် သူသျှိုများ ဒလန်များ ရှိသည်ဟု မီဒီယာများ၏ဖော်ပြချက်များရှိသည်။ စစ်ကောင်စီဝါဒဖြန့်ချိရေး စာမျက်နှာများသည် ၎င်းတို့ ပစ်မှတ်ထားပြီး တိုက်ခိုက်လိုသည့် လူပုဂ္ဂိုလ်များ၊ အစုအဖွဲ့များကိုသူသျှိုဟုတံဆိပ်ကပ်၍ ဆန့်ကျင်ဘက်အင်အားစုများ ဝေဝါး စေရန် မကြာခဏပြုလုပ်လေ့ရှိသည်။




ပုံစာ - ၆ လက်နက်ကိုင်အဖွဲ့များနှင့်အရပ်သားများအကြား သူလျှိုခေါင်းစဉ်ဖြင့် ယုံကြည်မှုကျဆင်းစေရန် ဖြန့်ဝေမှု

တော်လှန်ရေးအင်အားစုများဘက်က ရပ်တည်ပေးနေသည့် ဗိုလ်ကြီးဟောင်းနေမျိုးဇင်အား စစ်တပ်က လွှတ်ထားသည့် ထောက်လှမ်းရေး၊ သူလျှိုဟုစွပ်စွဲပြီး[36] ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများ အမြဲလိုလို ပြုလုပ်လေ့ရှိသည်။ စစ်ကောင်စီတပ်၏ အကြီးမားဆုံးအတိုက်အခံများအနက် NUG သည် အဓိကအင်အားစုတခုဖြစ်ပြီး NUG အနေဖြင့် စစ်ကောင်စီနှင့်တွေ့ဆုံညှိနှိုင်းရေးအတွက် လျှို့ဝှက်လုပ်ဆောင်နေပြီး ပွဲစားချင်းတွေ့ဆုံသည့်အဆင့်သို့ ရောက်နေပြီ[37]ဆိုသည့် ဖြန့်ဝေမှုသည် ကြိမ်ဖန်များစွာ တွေ့ရသည့် ခေါင်းစဉ်တခုလည်းဖြစ်သည်။ ထိုအကြောင်းအရာတွင် ခိုင်မာသည့်သက်သေအထောက်အထားမပါရှိသော်လည်း ယုံကြည်မှုများပြား၍ မှတ်ချက်ပြုသူမျှဝေသူ များပြားခဲ့သည့်အတွက် နိုင်ငံရေးအခင်းအကျင်းနှင့်လူထုအယူအဆအပေါ် သက်ရောက်မှုများရှိနိုင်မည်ကို တွက်ဆသုံးသပ်သင့်သည်။

လူထုထောက်ခံမှုများပြားသည့် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်သည်လည်း အရေးကြီး လျှို့ဝှက်ချက်များကို ရောင်းစားခဲ့သည်ဟုစွပ်စွဲပြီး ပြည်သူများက ထိုဖြစ်စဉ်ကို သိနားလည်ပြီဖြစ်၍ ဒေါ်အောင်ဆန်းစုကြည်မွေးနေ့အား ပြည်တွင်းမှ ပြည်သူများစိတ်ဝင်စားမှုမရှိဘဲ ပြည်ပကသူများကသာ တိုင်းပြည် မငြိမ်သက်ရန် ဆိုရှယ်မီဒီယာများတွင်တင်နေခြင်းဖြစ်သည်ဟု[38] စစ်ကောင်စီအတွက် ဝါဒဖြန့်

36 https://archive.ph/wip/wsiz1
37 https://archive.ph/Cu2kn
38 https://archive.ph/pSS9n

အကြောင်းအရာများအား အမာခံဖြန့်ဝေပေးနေသည့် ခင်ညိုချောအမှတ်တံဆိပ်ဖြင့်စာသားများကို Facebook အကောင့်အတု များမှတစ်ဆင့် ပြန်လည်ဖြန့်ဝေခဲ့သည်။

Spy PDF ဆိုသည့် စကားလုံးသည် PDF အဖွဲ့များအတွင်း သွေးကွဲစေရန် ရည်ရွယ်ပြီး စစ်ကောင်စီဘက်က အသုံးပြုသည့် သူလျှိုဟု တံဆိပ်ကပ်သော စကားလုံးဖြစ်သည်။ ကရင်လက်နက်ကိုင်အဖွဲ့ (KNU) ပူးပေါင်းတပ်ဖွဲ့ သုံးရာကျော်သည် အကြမ်းဖက်မှုများနှင့်ဒလန့်ရှင်းလင်းရေးပြုလုပ်ရန် ပဲခူးရိုးမထဲသို့ ရောက်ရှိနေပြီဖြစ်ကြောင်း Spy PDF က သတင်းပို့မှုရှိခဲ့ကြောင်း စစ်ကောင်စီထောက်ခံရေးနှင့် တော်လှန်ရေး အင်အားစုများကို တိုက်ခိုက်ရေး လုပ်ဆောင်နေသည့် Telegram စာမျက်နှာတခုက မျှဝေခဲ့သည်။ ထို့အတူ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ စစ်တပ်ထောက်ခံသူများနှင့် အကြမ်းဖက်မှု မလိုလား၍ စစ်ကောင်စီအား သတင်းပေးသော ပြည်သူများအား PDF များက ညအချိန်တွင် လိုက်လံဖမ်းဆီးခြင်းပြုလုပ်နေကြောင်း[39] စစ်ကောင်စီအတွက် ဝါဒဖြန့်ပေးနေသည့် Thazin Oo Telegram စာမျက်နှာကဖော်ပြခဲ့သည်။

တော်လှန်ရေး အင်အားစုများဘက်တွင် သူလျှို၊ ဒလန့်ရှင်းလင်းရေးလုပ်ငန်းစဉ်များကို တရားဥပဒေမဲ့ ရက်ရက်စက်စက် ပြုလုပ်နေသည်ဟု ထင်ရစေရန် ဖန်တီးရေးသားဖြန့်ဝေချက်များသည်လည်း စစ်ကောင်စီထောက်ခံသည့် ဝါဒဖြန့်ချိရေးအုပ်စု၏ အသုံးများသော အကြောင်းအရာဖန်တီးမှုဖြစ်သည်။ ပြည်သူ့ကာကွယ်ရေး တပ်မတော် (မန္တလေး) တွင် စစ်ကောင်စီက အသွင်ယူစေလွှတ်ထားသည့် သူလျှိုခုနစ်ဦးကို စုံစမ်းဖော်ထုတ်တွေ့ရှိရကြောင်း MDY PDF က ထုတ်ပြန်ခဲ့သည်[40]။ သို့သော် စစ်ကောင်စီအတွက် ဝါဒဖြန့်ချိပေးနေသည့် စာမျက်နှာများပေါ်တွင်မူ MDY-PDF က စစ်တပ်သူလျှိုအဖြစ် ထုတ်ပြန်သူများသည် စစ်တပ်ဘက်ကမဟုတ်ဘဲ အချင်းချင်းကြား မကျေနပ်၍ "တပ်သူလျှို" ဟု ခေါင်းစဉ်တပ်သတ်ဖြတ်လိုက်ခြင်းသာဖြစ်ကြောင်း ပြန်လည်တုန့်ပြန်ခဲ့ကြသည်[41]။

---

39 https://archive.ph/4HoBI

40 https://www.facebook.com/MizzimaDaily/posts/%E1%80%90%E1%80%95%E1%80%BA%E1%80%96%E1%80%BD%E1%80%B2%E1%80%B7%E1%80%90%E1%80%BD%E1%80%84%E1%80%BA%E1%80%B8-%E1%80%A1%E1%80%9E%E1%80%BD%E1%80%84%E1%80%BA%E1%80%9A%E1%80%B0-%E1%80%85%E1%80%AD%E1%80%99%E1%80%BA%E1%80%B7%E1%80%9D%E1%80%84%E1%80%BA%E1%80%94%E1%80%B1%E1%80%9E%E1%80%8A%E1%80%BA%E1%80%B7-%E1%80%9E%E1%80%B0%E1%80%9C%E1%80%BB%E1%80%BE%E1%80%AD%E1%80%AF-%E1%81%87-%E1%80%A6%E1%80%B8%E1%80%80%E1%80%AD%E1%80%AF-mdy-pdf-%E1%80%96%E1%80%B1%E1%80%AC%E1%80%BA%E1%80%91%E1%80%AF%E1%80%90%E1%80%BA%E1%80%82%E1%80%BB%E1%80%B0%E1%80%81%E1%80%BB%E1%80%94%E1%80%BA%E1%80%B8%E1%80%99%E1%80%87%E1%80%B9%E1%80%88/1041367624804162/

41 https://archive.ph/1Zcwn, https://archive.ph/V1Xwz

သူလျှိုဟုဆိုရာတွင် ပြည်သူများသည်လည်း စစ်တပ်အတွက်သတင်းပေးနေကြသူများဖြစ်သည်ဟု စစ်ကောင်စီတပ်နှင့် ၎င်းထောက်ခံသူများက အရပ်သားပုံရိပ်ကိုလိုသလို အသုံးချတတ်ကြသေးသည်။ တောင်သာမြို့နယ်၊ ရုံးစဉ်လေး (ခေါ်) ရွှေစည်ကြီးရွာတွင် ရုံးခန်းဖွင့်လှစ်ထားသည့် NUG ၏ အဆောက်အဦးများနှင့် မော်တော်ယာဉ်များအား ပြည်သူ၏ တိကျသည့် သတင်းပေးမှုကြောင့် စစ်တပ်က ဗုံးကြဲနိုင်ခဲ့သည်ဟု Facebook အကောင့်တခုတွင်[42] ဖြန့်ဝေခဲ့သည်။ လွတ်လပ်သည့်သတင်းဌာနများတွင် မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်က ရုံးပင်လေးရွာကို မေ ၂၂ ရက်တွင် စစ်ကောင်စီတပ်က စက်တပ်လေထီး သုံးစီးနှင့် ဆက်တိုက်ဗုံးကြဲချခဲ့၍ လူနေအိမ်များ မီးလောင်ကျွမ်းခဲ့ကြောင်း[43] မြေပြင်မှပြည်သူများ၏ အတည်ပြုမှုဖြင့် သတင်းတင်ဆက်ထားပါသည်။

တော်လှန်ရေးအင်အားစုများဘက်က ဖမ်းဆီးခံပြည်သူများကိုလည်းသူလျှိုတံဆိပ်ကပ်၍ အန္တရာယ်ဖြစ်ပွားစေရန် လှုံ့ဆော်မှုများကို စစ်ကောင်စီဆက်စပ် စာမျက်နှာများက ပြုလုပ်လေ့ရှိသည်။ ကယန်းဒေသ၌ သတ္တုတူးဖော်မှု ရပ်ဆိုင်းရေး တောင်းဆိုသည့် ပရာဒေါင်းဆွေမျိုးစုဥက္ကဋ္ဌနှင့် လူငယ်အတွင်းရေးမှူးတို့ကို ကယန်းပြည်သစ်ပါတီ (KNLP) က ဖမ်းဆီးခဲ့[44]ရာ ယင်းဖြစ်စဉ်ကို အခြေခံ၍ စစ်ကောင်စီထောက်ခံသည့် စာမျက်နှာများဘက်တွင် အကြောင်းအရာ အမှားများဖြန့်ဝေခဲ့သည်။ ကယန်းပြည်သစ်ပါတီ (KNLP) သည် ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ် (KNDF) က သူ့သျှိုများကို ဖမ်းဆီးထားပြီး ကယန်းပြည်သစ်စိုးမိုးသော ဆီဘူးမြို့အား တော်လှန်ရေးပူးပေါင်းတပ်များက သိမ်းပိုက်ရန် လျှို့ဝှက်စီစဉ်နေသည်[45] ဟုဖော်ပြခဲ့ကြသည်။

---

42 https://archive.ph/P8GOx

43 https://www.facebook.com/BBCnewsBurmese/posts/pfbid02yperTZ73TYi842ofZKz4msQMpNxWGuPtEQ8qgh5NvjpLF8DPmXDNMfyC5NcGhuTMl

44 https://www.facebook.com/LuduNwayOo/posts/%E1%80%80%E1%80%9A%E1%80%94%E1%80%BA%E1%80%B8%E1%80%92%E1%80%B1%E1%80%9E-%E1%80%9E%E1%80%90%E1%80%B9%E1%80%90%E1%80%AF%E1%80%90%E1%80%B0%E1%80%B8%E1%80%96%E1%80%B1%E1%80%AC%E1%80%BA%E1%80%99%E1%80%BE%E1%80%AF%E1%80%9B%E1%80%95%E1%80%BA%E1%80%86%E1%80%AD%E1%80%AF%E1%80%84%E1%80%BA%E1%80%B8%E1%80%9B%E1%80%B1%E1%80%B8%E1%80%90%E1%80%B1%E1%80%AC%E1%80%84%E1%80%BA%E1%80%B8%E1%80%86%E1%80%AD%E1%80%AF%E1%80%9E%E1%80%8A%E1%80%BA%E1%80%B7-%E1%80%95%E1%80%9B%E1%80%AC%E1%80%92%E1%80%B1%E1%80%AB%E1%80%84%E1%80%BA%E1%80%B8%E1%80%86%E1%80%BD%E1%80%B1%E1%80%99%E1%80%BB%E1%80%AD%E1%80%AF%E1%80%B8%E1%80%85%E1%80%AF%E1%80%A5%E1%80%80%E1%80%B9%E1%80%80%E1%80%8C%E1%80%94%E1%80%BE%E1%80%84%E1%80%B7%E1%80%BA-/1024834826381976/

45 https://archive.ph/0XlK5

ထို့ပြင် PDF ထဲတွင် ဖမ်းဆီးခံရသည့်စစ်ကောင်စီတပ်သားများကိုလည်း ခွင့်မဲ့ပျက်ကွက်နေကြသူများဟု အပြစ်တင်ပြီး သစ္စာဖောက်အဖြစ် တံဆိပ်ကပ်ကြသေးသည်[46]။ စစ်ဗိုလ်ချုပ်ဟောင်းချိုထွန်းအောင်ကို သတ်ဖြတ်သည့် PDF များဟု စွပ်စွဲ၍ စစ်ကောင်စီတပ်ကဖမ်းဆီးထားသူများအား နှုတ်ပိတ်သတ်ဖြတ်ရန်NUG ဝန်ကြီးဦးရည်မွန်က ညွှန်ကြားထားသည်ဟု စစ်ကောင်စီကျောထောက်နောက်ခံစာမျက်နှာမိုင်းဝေက ဖြန့်ဝေ ခဲ့[47]သည်။ စစ်ကောင်စီလက်အောက်ခံ လုံခြုံရေးတပ်ဖွဲ့ဝင်များစောင့်ရှောက်ထားသည့်ကြားမှ လုပ်ကြံခံရပါက တာဝန်မယူကြောင်း ဖြန့်ချိမှုသည်ဖမ်းဆီးခံရသူများ၏ အသက်အန္တရာယ်ကိုခြိမ်းခြောက်ခြင်းဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်တွင် စစ်တပ်ထောက်ခံသူအဆိုတော်လီလီနိုင်ကျော်အားသတ်ဖြတ်သူဟု စွပ်စွဲခံရသည့်လူငယ်များနှင့် မိသားစုဝင်များအား စစ်တပ်က ပစ်ခတ်သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်[48]ရှိခဲ့သည့်အတွက် ထိုသို့ဖြန့်ဝေမှုများသည် အထူး သတိထားရမည့် ကိစ္စများ ဖြစ်သည်။

စစ်ကောင်စီ၏ ဝါဒဖြန့်ချိရေးယန္တရားသည် စစ်ကောင်စီထောက်ခံသူဖြစ်စေဦးတော့ ၎င်းတို့ကိုဝေဖန်ပါက သူလျှို၊ ဒလန်တံဆိပ်ကပ်ပြီး ဖိနှိပ်ချေမှုန်းလေ့ရှိသည်။ ဇော်ဘုန်းဟိန်းသည် စစ်ခေါင်းဆောင်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အပါအဝင် စစ်တပ်ခေါင်းဆောင်ပိုင်းကို လူမှုကွန်ရက်မှတဆင့် ပြင်းပြင်းထန်ထန် ဝေဖန်သဖြင့် မန္တလေးအခြေစိုက် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် (လပခ) တပ်အရာရှိတွေက စောင့်ကြည့်ခံရကာ မကြာခဏ ဖမ်းဆီးရန်လှုံ့ဆော်ခံရပြီးသည့်နောက် အဖမ်းဆီးခံခဲ့ရကြောင်း[49] သတင်းထွက် ပေါ် ခဲ့သည်။ ထိုသို့ဖမ်းဆီးခံရပြီးနောက် စစ်တပ်ထောက်ခံသူအဖြစ်လူသိများသည့် ဇော်ဘုန်းဟိန်းသည် တော်လှန်ရေးအင်အားစုများနှင့် အဆက်အသွယ်ရှိပြီး ဒလန်ရှင်းလင်းရေးလုပ်ငန်းစဉ်အချို့တွင် သတင်းပေးအဖြစ် ပါဝင်ခဲ့ကြောင်း[50] စစ်တပ် ထောက်ခံသည့်စာမျက်နှာများက ဝိုင်းဝန်းဖြန့်ဝေခဲ့ကြသည်။

စစ်ကောင်စီဝါဒဖြန့်ချိရေးအစုအဖွဲ့သည် ၎င်းတို့နှင့်ပုဂ္ဂိုလ်ရေးမကျေလည်မှုရှိသူများအား အုပ်စုဖွဲ့တိုက်ခိုက် ဖယ်ရှားသည့် လုပ်ငန်းစဉ်ကို လုပ်ဆောင်ပြီးဝါဒဖြန့်ချိရေးယန္တရားအား စစ်ကောင်စီအလိုကျလည်ပတ်စေရန် သန့်စင်ဖယ်ရှားသည့်လုပ်ငန်းစဉ်မှာလည်း သတိပြုစရာဖြစ်သည်။ ကျော်မျိုးမင်း၊ ကျော်စိုးဦး၊ ပေါက်ကိုယ်တော်၊ နောင်တော်လေးတို့သည် စစ်ကောင်စီတပ်ကို ဝေဖန်သည့်လေသံပြင်းထန်ခဲ့ဖူးသဖြင့် ဖမ်းဆီးခံခဲ့ရဖူးသည်။ အခြားဖမ်းဆီးခံရသည့် စစ်ကောင်စီထောက်ခံဝါဒဖြန့်ချိသူများလည်းရှိသေးသည်။ စစ်ကောင်စီ

46 https://archive.ph/9yIat

47 https://archive.ph/FfJRU, https://archive.ph/PY43c

48 https://myanmar-now.org/mm/news/39213/

49 https://www.facebook.com/BBCnewsBurmese/posts/pfbid025Ee9KgP54bFKV88QHrCA4ggkMLzfLFsvJs3qa8UT3R713bqYAzSidMPUyjbxh4oMl

50 https://archive.ph/uAoNW

ဆက်စပ်သြဇာကြီးမားသော ဝါဒဖြန့်စာမျက်နှာများသည် မပုတု၊ ကိုမောင်မောင်စသည့် အမျိုးသားရေး အစွန်းရောက် ဝါဒဖြန့် အမှတ်တံဆိပ်များကိုပစ်မှတ်ထားပြီး ဖမ်းဆီးရေးလမ်းကြောင်းသို့ဦးတည်စေရန် လှုံ့ဆော် လျက်ရှိသည်မှာလည်း စောင့်ကြည့်သတိပြုဖွယ်ဖြစ်သည်။

### ဇာတ်ကြောင်း (၅) - တပ်မတော်သားများ လက်နက်မချ အညံ့မခံ

---

စစ်ကောင်စီဆက်စပ် ဝါဒဖြန့်ချိရေး စာမျက်နှာများတွင် တွေ့ရလေ့ရှိသည့် နောက်ထပ်ဇာတ်ကြောင်း တခုမှာ စစ်ကောင်စီတပ်သားများသည် လက်နက်ချ၊ အညံ့ခံခြင်း မပြုလုပ်ကြောင်း ငြင်းဆိုသည့် ဖော်ပြချက်များ ဖြစ်သည်။ ယင်းအစားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များကသာ လက်နက်ချအလင်းဝင်ခြင်းဖြစ်သည်ဟု တန်ပြန်ဖြန့်ဝေမှုများကို ထိုစာမျက်နှာများက ပြုလုပ်လျက်ရှိသည်။ မြို့သိမ်းတိုက်ပွဲများတွင်ရှုံးနိမ့်ခြင်းနှင့် စစ်တိုင်းဌာနချုပ်ကြီးများ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၏ ထိန်းချုပ်မှုအောက်ကျရောက် ခြင်းတို့ကြောင့် စစ်ကောင်စီလက်နက်ကိုင်တပ်သားအများအပြား လက်နက်ချရသည့်ဖြစ်စဉ်များရှိခဲ့သည်။ ထိုသို့ လက်နက်ချရသည့် ဖြစ်စဉ်များစိပ်လာသည့်အတွက် စစ်တပ်ထောက်ခံပြီးဝါဒဖြန့်ချိပေးနေသူများကိုယ်တိုင် စစ်ကောင်စီကိုဝေဖန်မှုရှိသည့်အခြေအနေများလည်းရှိခဲ့ရာ ၎င်းတို့အချင်းချင်းအငြင်းပွားသည့်အခြေအနေအထိ [51]ရောက်ရှိခဲ့သည်။

---

[51] https://archive.ph/Rt5K1, https://archive.ph/sFcp0 , https://archive.ph/ClAkA ,







ပုံစာ - ၇ စစ်ကောင်စီတပ်သားများလက်နက်ချ အညံ့မခံစေရန်နှင့် တော်လှန်ရေးအင်အားစုများပုံရိပ်ကျဆင်းစေရန်ဖြန့်ဝေမှု

ဧပြီလတွင် ဖြစ်ပွားခဲ့သည့် ဗန်းမော်မြို့သိမ်းတိုက်ပွဲအတွင်း စကခ ၂၁ ရှိ ရဲမေများအပါအဝင် အမျိုးသမီး ၁၀၀ ကျော်လက်နက်ချခဲ့ကြောင်း People Spring သတင်းဌာနက သတင်းတင်ဆက်ခဲ့သည်[52]။ သို့သော်အဆိုပါ ဖြန့်ချိမှုသည် စိတ်ဓာတ်စစ်ဆင်ရေးအနေဖြင့်ဖြန့်ဝေခဲ့သည် အကြောင်းအရာသာဖြစ်သည်ဟု စစ်ကောင်စီ အတွက် ဝါဒဖြန့်ပေးနေသည့် စာမျက်နှာများက တုန့်ပြန်ခဲ့သည်[53]။ ထို့ပြင်တအောင်းတပ်(TNLA)နှင့် အာရက္ခ

---

[52] https://www.facebook.com/photo.php?fbid=1013639440834848&id=100065664033865&set=a.559396186259178

[53] https://archive.ph/wip/t0m0e

တပ်တော် (AA) တို့ထံတွင် လက်နက်ချအညံ့ခံသည့်စစ်သုံ့ပန်းတိုင်း သတ်ဖြတ်ခံနေသဖြင့် လက်နက်ချခြင်းမပြု လုပ်ရန် စစ်ကောင်စီဆက်စပ်ဝါဒဖြန့်ချိရေးစာမျက်နှာများက ဖြန့်ချိခဲ့[54]သေးသည်။ စစ်ကောင်စီတပ်သားများ လက်နက်မချရဲစေရန်အတွက် ထိုကဲ့သို့သော အကြောင်းအရာ များကို မကြာခဏ ဖြန့်ဝေလျက် ရှိသည်။

စစ်သုံ့ပန်းပြန်လွှတ်သည့် ကိစ္စများနှင့် ပတ်သက်၍လည်း လူမျိုးရေးအမုန်းတရားလှုံ့ဆော်မှုကို ထည့်သွင်း၍ တန်ပြန်တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။ အာရက္ခတပ်တော်(AA)ကပြန်လွှတ်ပေးသည့် စစ်သုံ့ပန်း များတွင် ဗမာလူမျိုးမပါဝင်ဘဲ ရခိုင်လူမျိုး စစ်သုံ့ပန်းများကိုသာ လွှတ်ပေးခြင်းဖြစ်သည်ဟု ဖြန့်ဝေချက်များ ရှိခဲ့သည်[55]။ အဆိုပါ ဖြန့်ဝေချက်သည် ဘူးသီးတောင်မြို့သိမ်းတိုက်ပွဲတစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် အာရက္ခတပ်တော် (AA) က စစ်သုံ့ပန်းမိသားစုဝင်၃၀၀ကျော်ကို ပြန်လွှတ်ပေးခဲ့[56]သည့်အပေါ် တန်ပြန်သည့် အနေဖြင့် တုန့်ပြန်ခဲ့ခြင်းဖြစ်သည်။

၂၀၂၅ ခုနှစ်သည် စစ်ကောင်စီ၏ စစ်ဘက်ဆိုင်ရာသုံး လေကြောင်းအသုံးပြုယာဉ်များအပျက်အစီး ထိခိုက်မှုကို ခပ်စိပ်စိပ်တွေ့ရသည့် ကာလလည်းဖြစ်သည်။ စစ်ကောင်စီတပ်သားများ လက်နက်ချသည့် ဖြစ်စဉ်ကို ဖုံးကွယ်ရုံသာမက စစ်ကောင်စီတပ်အထိနာရှုံးနိမ့်သည့်အခြားကိစ္စများကိုလည်း သတင်းအမှားဟုတံဆိပ်ကပ်ကာ တန်ပြန်လျက်ရှိသည်။ အထူးသဖြင့် လေကြောင်းအသုံးပြုယာဉ်များပျက်စီးထိခိုက်တိုက်ခိုက်ခံရမှုဖြစ်စဉ်များကို အကြောက်အကန်ဖုံးကွယ်လေ့ရှိကြသည်။ ၂၀၂၅ ခုနှစ် ဧပြီလမှ ဇွန်လအတွင်း စစ်ကောင်စီ၏စစ်ဘက်ဆိုင်ရာသုံး ရဟတ်ယာဉ် ၂ စင်းနှင့်တိုက်လေယာဉ် ၁ စင်းတို့သည် လက်နက်ကိုင်တော်လှန်ရေးတပ်များ၏ တိုက်ခိုက်မှု ကြောင့် ပျက်စီးခဲ့သည်[57]။ အဆိုပါဖြစ်စဉ်များကို သက်ဆိုင်သည့် လက်နက်ကိုင်တော်လှန်ရေးတပ်များနှင့် ဒေသခံ အရင်းအမြစ်များ၏ အတည်ပြုချက်များဖြင့် လွတ်လပ်သောသတင်းဌာနများက သတင်းတင်ဆက်ထားကြ သည်။ KIA က ရွှေကူတွင် စစ်ကောင်စီရဟတ်ယာဉ်အား ထပ်မံပစ်ခတ်ဖျက်ဆီးသည်ဆိုသည့် အကြောင်းအရာ

---

54 https://archive.ph/wip/quXce

55 https://archive.ph/vaKf8

56 https://www.facebook.com/BBCnewsBurmese/posts/pfbid0JSrQiazCptv5efcHoCyrurCm5LVqyjCTo15Sc6CFcVWUxBUAY79GumxZMBkRJBmjl

57 https://www.facebook.com/LuduNwayOo/posts/pfbid02S2Xkz51bAjLX5iSPq3KdyDHsTU7sxY1LyAEpX9AupcuUFRVB5sEgyvFZR1TJYRdxl, https://www.facebook.com/myanmarnownews/posts/pfbid02x4YKEMWTuuojakBueexp2MR52D79zYVkV8Dp7ocKk1T49ixoDSCYwYjM96W9NEfKl, https://www.facebook.com/BBCnewsBurmese/posts/pfbid02a8amKhfJYMiFwgQDWeFGdryiY16qLmBMVsdCH15YG9nek7DftJ17d2zH3pvVpynpl

သည် မမှန်ကန်ဘဲ မီဒီယာများကလိမ်ညာခြင်းသာဖြစ်ကြောင်း[58]၊ စစ်ကောင်စီလက်အောက်ခံနိုင်ငံပိုင်မီဒီယာတွင် ဗန်းမော်စစ်မြေပြင်သို့လာသော ရဟတ်ယာဉ်နှစ်စီးအား KIA တော်လှန်ရေးပူးပေါင်းတပ်က ပစ်ခတ်သဖြင့် ထိခိုက်သွားခြင်းကို စက်ချို့ယွင်း၍ပျက်ကျသည်ဟုလည်းကောင်း[59]၊ စစ်ကိုင်းတိုင်းပုလဲမြို့နယ်တွင် စစ်ကောင်စီ တပ် (လေ) မှ တိုက်ခိုက်ရေးလေယာဉ်တစ်စီးလေ့ကျင့်ပျံသန်းရေးဆောင်ရွက်စဉ် စက်ချို့ယွင်းကာ မတော်တဆမှု ဖြစ်ပွားကြောင်း[60] စသဖြင့် လေယာဉ်ပျက်စီးမှုများကို စစ်ကောင်စီဆက်စပ်ဝါဒဖြန့်စာမျက်နှာများကသာမက စစ်ကောင်စီထိန်းချုပ်နိုင်ငံပိုင်မီဒီယာများကပါ ပုံစံအမျိုးမျိုးဖြင့်ဖုံးကွယ်ခဲ့ကြသည်။ ထိုသို့စစ်ကောင်စီ၏ အထိနာမှုများအား ဖုံးကွယ်ရုံသာမက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် PDFများဘက်ကတပ်သားများ အလံဖြူထောင်ပြီး အလင်းဝင်သည်ဆိုသည့်အကြောင်းအရာများဖြင့်တန်ပြန်မှုများ[61] မကြာခဏပြုလုပ်လျက် ရှိသည်။

58 https://archive.ph/sAG6y

59 https://archive.ph/6mFyn

60 https://archive.ph/l8e6u, https://archive.ph/YUJfY

61 https://archive.ph/7zgwi

## ဇာတ်ကြောင်း (၆) - ဘာသာရေးကိုအကြမ်းဖက်နေသည့် တော်လှန်ရေးအင်အားစုများ

မြန်မာနိုင်ငံ၏ စစ်မက်ဖြစ်ပွားရာ ဒေသများအပါအဝင် နေရာအနှံ့အပြားတွင် ဘာသာရေးအဆောက်ဦးများစွာ တည်ရှိနေကြသည်။ အာဏာသိမ်းရန် ကြိုးပမ်းကြံစည်မှု စတင်သည့်ကာလအပြီး လက်နက်ကိုင်ခုခံတော်လှန်သည့် စစ်ရေးလှုပ်ရှားမှုများ ပေါ်ပေါက်လာသည့်ကာလတွင် ဘာသာရေးဆက်စပ်လူပုဂ္ဂိုလ်များ၊ အစုအဖွဲ့များနှင့် အဆောက်အဦများအကြမ်းဖက်ခံခဲ့ရသည့် ဖြစ်စဉ်အမြောက်အများရှိခဲ့သည်။ အချို့အပျက်အစီးများသည် စစ်ကောင်စီဘက်က အင်အားသုံးရှင်းလင်းသည့် စစ်ရေးဆောင်ရွက်မှုများကြောင့်ဖြစ်ပြီး အချို့ဖြစ်စဉ်များမှာမူ စစ်ကောင်စီနှင့်တော်လှန်ရေးအင်အားစုများ နှစ်ဖက်အပြန်အလှန်စွပ်စွဲပြီးကျူးလွန်သူအား ဖော်ထုတ်ရန်အငြင်းပွားစေသည့် ဖြစ်စဉ်များဖြစ်သည်။







ပုံစာ - ၈ ဗုဒ္ဓဘာသာကို တော်လှန်ရေးအင်အားစုများကစော်ကားနေသည်ဟု လိမ်လည်ပုံဖော်ထားသည့်အကြောင်းအရာများ

THE RED FLAG

ဧပြီလအတွင်း တိုက်ပွဲပြင်းထန်ခဲ့သည့် ကရင်ပြည်နယ် ကော့ကရိတ်မြို့အတွင်းသို့ တော်လှန်ရေးအင်အားစုများက လက်နက်ကြီးများဖြင့်ပစ်ခတ်ခဲ့သဖြင့် ဘုန်းတော်ကြီးကျောင်းဆောင်တချို့ပျက်စီးရကြောင်း[62] စစ်ကောင်စီထောက်ခံသည့်အုပ်စုက ဖြန့်ဝေခဲ့သည်။ တဖက်တွင်မူ စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံး၊ ပျက်စီးမှုများများပြားနေပြီး[63] မြို့ခံပြည်သူများကိုအပြင်သို့ထွက်ခွင့်မပေးဘဲ ဓားစာခံများအဖြစ်ထိန်းထားကြောင်း[64] လွတ်လပ်သည့်သတင်းဌာနများက ရေးသားဖော်ပြကြသည်။ ကရင်လက်နက်ကိုင်အဖွဲ့ KNU နှင့် PDF ပူးပေါင်းအဖွဲ့များသည်လည်း တနင်္သာရီတိုင်း၊ ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်ရှိ ကျေးရွာများတွင် လက်နက်ပြ၍ ဆက်ကြေးကောက်ခံမှုများ ပြုလုပ်နေပြီး သာသနာ့အဆောက်အဦးများအား ဖျက်ဆီးလျက် သံဃာများကို မောင်းထုတ်နေသည်[65]ဟု စစ်ကောင်စီထောက်ခံစာမျက်နှာများက ဖော်ပြခဲ့ပြန်သည်။ ထို့အတူ မကွေးတိုင်းပွင့်ဖြူမြို့နယ် ပေတောကျောင်းကုန်းရွာရှိ ဘကကျောင်းအား PDF များက လာရောက် ဖျက်ဆီးပြီးသည့်နောက် ကျောင်းသား/ကျောင်းသူများအတွက်သိမ်းထားသည့်ရိက္ခာများအားလုံး ယူဆောင်သွားကြောင်း[66] အောင်မိုးကျော် Channel က ဖြန့်ဝေခဲ့သည်။ ပေါက်မြို့နယ်၊ ကုက္ကိုစုရွာ ဘုန်းတော်ကြီးကျောင်းကိုလည်း PDF များက Drop Bomb ချ၍တိုက်ခိုက်ခဲ့ရာ ဘုန်းတော်ကြီးကျောင်းနှင့် ဘုရား စေတီများ ပျက်စီးသွား သည်ဟု စစ်တပ်ဝါဒဖြန့်စာမျက်နှာများက ဆိုသည်။

စစ်ကောင်စီတပ်က ဘာသာရေးနိုးနွယ်အဆောက်အဦးများအပေါ် တိုက်ခိုက်ဖျက်ဆီးသည့်ဖြစ်စဉ် များကိုမူ PDF များ စုရုံးနေသည့်နေရာ၊ ဌာနချုပ်ဖြစ်နေသဖြင့် အဆိုပါနေရာများကို ရှင်းလင်းရသည်ဟု ဖုံးကွယ်တုန့်ပြန်ကြသည်။ ဧပြီလအတွင်းက စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်၊ ကြက်ခတ်ရွာတွင် အင်းတော်ပြန် PDF များ တရားပွဲလုပ်နေသည့် ဌာနချုပ်၊ ဘုန်းကြီးကျောင်းအား စစ်ကောင်စီတပ်က ဗုံးကြဲနိုင်၍ တော်လှန်နေသည့် ကိုရင်များနှင့် စစ်သည်များသေဆုံးကြောင်း ဖြန့်ချိခဲ့ကြသည်[67]။ ဘာသာတရားနှင့်ချိတ်ဆက် အကြောင်းအရာ

---

62 https://archive.is/wip/pi7Bh

63 https://www.facebook.com/BBCnewsBurmese/posts/pfbid02H2AJkqFKWwkCYgouoKYG7Tev8gLUwBJDk5dESgE2LbWtEyZCGQM5ZQBJ7qvpsqwHl

64 https://www.facebook.com/LuduNwayOo/posts/pfbid02Ng7tkgMdFPy3vRRpgRzYqMdjE1szyikBYf4D6mL9ZpUcePP5eZeHn5MBBDdwWoyRl

65 https://archive.ph/tpV8a

66 https://archive.ph/oi27F

67 https://archive.ph/Zugdu

ဖန်တီးရာတွင် ဗုဒ္ဓဘာသာတခုတည်းမဟုတ်ဘဲ အခြားဘာသာများနှင့်လည်းချိတ်ဆက်ပြီး အမုန်းတရား လှုံ့ဆော်မှုကို ဝါဒဖြန့်စာမျက်နှာများကပြုလုပ်နေ ကြသည်။

တအာင်းတပ် (TNLA) က ခရစ်ယာန်ဘာသာဝင်များ၏ ဘုရားကျောင်းကိုစစ်စခန်းအဖြစ် အသုံးပြုနေသည်[68]၊ နောင်ချိုမြို့နယ်ရှိ စစ်ရှောင်အိမ်များအား အစ္စလာမ်ဘာသာဝင် (မူရင်းတွင် "ကုလားများ"ဟု သုံးနှုန်းထား) များနှင့် TNLA/PDF များကအကုန်ခိုးယူထုတ်နေသည်[69]၊ ပြည်တွင်းမှ တော်လှန်သူများအနေဖြင့် (NLD, CRPH, NUG, PDF) ဖောက်ခွဲသည့် စစ်ဆင်ရေးများ ဆောင်ရွက်ပါက အစ္စလာမ်ဘာသာဝင်များ နေထိုင်သည့်နေရာနှင့် ဘာသာရေး အဆောက်အဦးများအား ရှောင်ရှားရန် NUG ထုတ်ပြန်[70] စသည့်အကြောင်းအရာများသည် ဘာသာရေး အမုန်းတရားအခြေပြု၍ တော်လှန်ရေးအင်အားစုများအား ဘာသာရေးအကြမ်းဖက်သူများ၊ ဗုဒ္ဓဘာသာကိုအကြမ်းဖက်သူများအဖြစ် ပုံဖော်သည့်အကြောင်းအရာများအဖြစ် ဝါဒဖြန့်စာမျက်နှာများထက်တွင် ပျံ့နှံ့ခဲ့သည်။

---

[68] https://archive.ph/5HnPX

[69] https://archive.ph/MzfkQ

[70] https://archive.ph/N0V9C

## ဇာတ်ကြောင်း (၇) - ဖမ်းဆီးပါ သတ်ဖြတ်ပါ ပြာချပေးပါ

ယခင်က အာဏာရှင်ဆန့်ကျင်သူများဖမ်းဆီးရေး၊ သုတ်သင်ရေး၊ နယ်မြေရှင်းလင်းရေးနှင့် လေကြောင်းတိုက်ခိုက်ရေးလှုံ့ဆော်မှုများကို စစ်ကောင်စီဆက်စပ်ဝါဒဖြန့်စာမျက်နှာများကပြောင်ကျကျ တိုက်ရိုက်လှုံ့ဆော်ရာမှ ယခုနှစ်ပိုင်းများတွင် အရပ်သားပြည်သူများကိုခေါင်းစဉ်တပ်အကာအအကွယ်ယူပြီး ပုံစံတမျိုးဖြင့် လှုံ့ဆော်လျက်ရှိသည်။ ပြည်သူများက ပေးပို့သောသတင်းအရ၊ ပြည်သူများကလေကြောင်းတိုက်ခိုက်ရန် တောင်းဆိုမှုအရ စသည်ဖြင့် ပြည်သူကို ခေါင်းစဉ်တပ်ပြီး စစ်ကောင်စီ၏ အကြမ်းဖက်မှုပိုမိုအားကောင်းရန် ဝါဒဖြန့်စာမျက်နှာများက ကူညီနေကြသည်။




ပုံစာ - ၈ စစ်ကောင်စီ၏ အကြမ်းဖက်မှုများအရှိန်မြင့်လုပ်ဆောင်စေရန် ဝါဒဖြန့်ချိသူများ၏ လှုံ့ဆော်မှု

မေလအတွင်းက ကချင်ပြည်နယ်တွင် စစ်ရေးလှုပ်ရှားမှု အရှိန်မြင့်နေသည့်ကာလတွင် စစ်ကောင်စီဘက်က စစ်ရေးအသားစီးမရသဖြင့် KIA ဌာနချုပ်ကို ပြာချပေးရန် ပြည်သူများက တောင်းဆိုနေသည်ဟုထင်ရစေရန် Screenshot တခုကို Telegram ဝါဒဖြန့်စာမျက်နှာတခုက ဖြန့်ဝေခဲ့သည်[71]။ ထို့အတူ စစ်ဗိုလ်ချုပ်ဟောင်း ဦးချိုထွန်းအောင်အား သတ်ဖြတ်ကြောင်း စွပ်စွဲခံရသူများသည် ဥပဒေအကြံပေးဦးမင်းတေဇာညွန့်တင်တို့ အပါအဝင် လုပ်ကြံမှုပေါင်း ၄ ခုကို ကျူးလွန်သူများဖြစ်၍ ကြိုးမိန့်ပေးရန် လိုအပ်ကြောင်း Thazion Oo စာမျက်နှာက လှုံ့ဆော်ခဲ့သည်[72]။ စစ်ကောင်စီထောက်ခံသည့် မီဒီယာအမည်ခံကျော်စိုးဦးထိန်းချုပ်သော People Media စာမျက်နှာကလည်း အဆိုပါကိစ္စနှင့်ပတ်သက်၍ အထက်တွင်ဖော်ပြထားသည့် Screenshot အတိုင်း သေဒဏ်ပေးခြင်းနှင့် အခြားပြစ်ဒဏ် ၂ ခုကို ဆန္ဒမဲကောက်ခံ၍ လှုံ့ဆော်ခဲ့သည်။ အဆိုပါအကြောင်းအရာတွင် ဆန္ဒမဲစုစုပေါင်း ၁၁၆၇၄ ခု ရရှိခဲ့ကာ သေဒဏ်ချမှတ်ရန် လှုံ့ဆော်သောပြစ်ဒဏ်သည် စစ်တပ်ထောက်ခံသူများ အများဆုံး အဆိုပြုသည့်ပြစ်ဒဏ်ဖြစ်သည်[73]။

အာဏာသိမ်းမှုဖြစ်စဉ်ပြီးသည့်နောက်ပိုင်း နှစ်စဉ်နှစ်တိုင်း ဒေါ်အောင်ဆန်းစုကြည်မွေးနေ့လှုပ်ရှားမှုတွင် ပါဝင်သည့် ပြည်သူများအား စောင့်ကြည့်ပြီး ဖမ်းဆီးရန် လှုံ့ဆော်နေသည်မှာ စစ်တပ်ထောက်ခံသည့်ဝါဒဖြန့် Channel များ အစဉ်အလာမပြတ် ပြုလုပ်လေ့ရှိသော အကြောက်တရား ဖြန့်ဖြူးရေးလုပ်ငန်းစဉ်တခုဖြစ်သည်။ အာဏာသိမ်းမှု လေးနှစ်ကျော်အတွင်း လူမှုကွန်ရက်ပေါ်တွင် စစ်ကောင်စီကို ဆန့်ကျင်ဝေဖန်မှုကြောင့် ပျမ်းမျှအားဖြင့် လစဉ်အွန်လိုင်းအသုံးပြုသူ ၅၀ နီးပါး ဖမ်းဆီးခံနေရကြောင်း Data for Myanmar အဖွဲ့က ထုတ်ပြန်ထားသည့် သတင်းတင်ဆက်မှုများရှိသည်[74]။ ၂၀၂၅ ခုနှစ် ဒေါ်အောင်ဆန်းစုကြည်၏ အသက် ၈၀ နှစ်ပြည့်မွေးနေ့လှုပ်ရှားမှုတွင် ပါဝင်သည့် ပြည်သူများအား စောင့်ကြည့်ပြီးနောက် ဖမ်းဆီးရန်လှုံ့ဆော်ခြင်း[75]၊ မန္တလေးဦးပိန်တံတားပေါ်တွင် အင်္ကျီအပြာရောင် ဆင်တူဝတ်ဆင်သူများသည် ဒေါ်အောင်ဆန်းစုကြည်မွေးနေ့သပိတ်တွင် ပါဝင်ခြင်းဟုဆို၍ ဖမ်းဆီးရန်လှုံ့ဆော်ခြင်း[76] စသည်တို့ကို ဝါဒဖြန့်ချိရေးစာမျက်နှာများက ပြုလုပ်ခဲ့သည့်အတွက် ဖမ်းဆီးခံရမှုများလည်းရှိခဲ့သည်။

---

71 https://archive.ph/wip/SKRKM

72 https://archive.ph/Z6X5M

73 https://archive.ph/wiZDE

74 https://www.facebook.com/photo.php?fbid=698065302784279&id=100077424451291&set=a.290136596910487

75 https://archive.ph/wip/ouK7i, https://archive.ph/DoKlm, https://archive.ph/j1n0a,https://archive.ph/EAwLK

76 https://archive.ph/4bpYg

မြေပြင်တွင် ပြည်သူကိုပါမချန် အကြမ်းဖက်စစ်ဆင်ရေးများ ပြုလုပ်နိုင်ရေးအတွက်လည်းအွန်လိုင်းပေါ်က စစ်ကောင်စီထောက်ခံသူများက အင်တိုက်အားတိုက် ကူညီလျက်ရှိသည်။ ဒီပဲယင်းသစ်တုံးစာသင်ကျောင်းတွင် ကလေးငယ်များအား ဒရုန်းမောင်းနည်း သင်ပေးနေသည့်အတွက် ဗုံးကြဲပေးရန် ပြည်သူများက သတင်းပေးနေသည်[77]ဟူ၍လည်းကောင်း၊ ကချင်လွတ်လပ်ရေးအဖွဲ့ (KIO/KIA) ဌာနချုပ်ရှိရာ လိုင်ဇာအား ပြာချပေးရန် ပြည်သူများ တောင်းဆိုနေသည်[78]ဟူ၍ လည်းကောင်း လှုံ့ဆော်ခဲ့ကြသည်။ စစ်ကောင်စီတပ်သည် လေကြောင်းမှ တိုက်ခိုက်ခြင်းနှင့် အွန်လိုင်းမှတဆင့် စစ်ရာဇဝတ်မှုကို ဖုံးကွယ်ရန်အတွက် ဝါဒဖြန့်ချိခြင်းတို့ကို စနစ်တကျဆောင်ရွက်လေ့ရှိသည်။ လေကြောင်းမှတဆင့် တိုက်ခိုက်ပြီးသည့်နေရာများနှင့် ပတ်သက်၍လည်း စစ်ကောင်စီအမှုမတပ်ခံရရေးအတွက် ဖုံးကွယ်ပေးသော သတင်းတုသတင်းမှားများဖြင့် တန်ပြန်လေ့ရှိသည်။

စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်၊ အိုးထိန်းတွင်းရွာ စာသင်ကျောင်းသည်ဗုံးကြဲခံရ၍ ပျက်စီးသည့်အရိပ်အယောင်မတွေ့ရှိရဘဲ လုပ်ကြံရိုက်ကူးရေးလုပ်ခြင်းသာဖြစ်နိုင်ပြီး ကျောင်းပိတ်ချိန်တွင်ကလေးများကို အသေခံကာ စာသင်ကျောင်းလွှတ်သည့် မိဘမရှိနိုင်ကြောင်း[79]၊ PDF များက လက်လုပ်ဗုံးပြုလုပ်ရင်း ပေါက်ကွဲမှုဖြစ်နိုင်ပြီး ကလေးငယ်များအား သွေးတုဖြန်းပြီး အိပ်ခိုင်းထားခြင်း ဖြစ်နိုင်ကြောင်း[80]၊ စာသင်ကျောင်းတွင် စစ်စခန်းပြုလုပ်ပြီး စမ်းသပ်ဖောက်ခွဲစဉ် ဝိုင်းဝန်းကြည့်ရှုနေသည့် ကလေးငယ်များ ထိခိုက်သေဆုံးခြင်းသာ ဖြစ်ပြီး[81] စစ်ကောင်စီတပ် ဘက်ယိမ်းသည့် ဝါဒဖြန့် စာမျက်နှာများက ဖြန့်ဝေခဲ့သည်။

ထို့အပြင် နိုင်ငံတကာမီဒီယာများနှင့်မြန်မာအကြောင်းရေးသားထားသည့် ပို့စ်များအောက်တွင် "လက်နက်ကိုင် စစ်သွေးကြွ ကလေးငယ်များနှင့် အကြမ်းဖက်ခေါင်းဆောင်"၊ စာသင်ကျောင်းတွင်လက်နက်ထုတ်လုပ်မှု၊ ဆရာ၊ ဆရာမများအား သတ်ကြောင်း အင်္ဂလိပ် (သို့) မြန်မာဘာသာများဖြင့် မှတ်ချက်ပြုရေးသားရန်နှင့် ဓာတ်ပုံ၊ ရုပ်သံများ ဖြန့်ဝေရန်လှုံ့ဆော်ခဲ့ကြသည်[82]။

---

77 https://archive.ph/oFS0p, https://archive.ph/a6Cvv

78 https://archive.ph/wip/SKRKM

79 https://archive.ph/uFXQH

80 https://archive.ph/tFsgL

81 https://archive.ph/aF4Zp

82 https://archive.ph/TcI1u, https://archive.ph/Y9X1i

## ဝါဒဖြန့်ယန္တရား ထူးခြားပုံရိပ်များ

စစ်ကောင်စီ၏ ဝါဒဖြန့်ချိရေးသည် စနစ်တကျတည်ဆောက်ထားသည့် ယန္တရားတစ်ခုဖြစ်သည်။ အချိန်၊ လူစွမ်းအားအရင်းအမြစ်၊ ငွေကြေးအရင်းအနှီး၊ အကြောင်းအရာသိမ်းဆည်းမှု၊ တည်ဆောက်မှု ဖန်တီးမှုတို့ကို စိတ်တိုင်းကျ သုံးစွဲပြီး လည်ပတ်လျက်ရှိနေသည်။ စစ်ကောင်စီ၏ ဝါဒဖြန့်ချိရေးယန္တရားသည် လူစွမ်းအားအရင်းအမြစ်ကို အသုံးပြုပြီးနည်းပညာအထောက်အကူဖြင့် တည်ဆောက်ထားသည့်အတွက် ယင်းလူစွမ်းအားအရင်းအမြစ်က ပြုလုပ်သည့် ဟာကွက်များ၊ အချင်းချင်းအငြင်းပွားမှုများနှင့် ပြုမူလှုပ်ရှားမှုများကို တစ်ခါတရံတွင် သုံးသပ်မြင်တွေ့နိုင်သည်။

၎င်းတို့သည် စစ်ကောင်စီနှင့် ပတ်သက်မှုမရှိကြောင်းနှင့် အကြမ်းဖက်မှုများကို မလိုလားသဖြင့် မိမိသဘောဆန္ဒအလျောက် သတင်းဝေမျှခြင်းဖြစ်သည်ဟု မကြာခဏ ပြောဆိုကြသော်လည်း စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ဆက်သွယ်ဆောင်ရွက်နေမှုနှင့် ပစားပေးမှုတို့ကို ၎င်းတို့ Channel တွင် အတိုင်းသား တွေ့မြင်ရသည်။ Thazin Oo ဝါဒဖြန့်ချိရေး အမှတ်တံဆိပ်အား ပင်တိုင်ထိန်းချုပ်နေသူသဇင်ဦးသည် ဝါဒဖြန့်ချိရေး ပြုလုပ်နေရုံသာမက စစ်ကောင်စီအတွက် စစ်မှုထမ်းပေးခဲ့ကြောင်း ၎င်းကိုယ်တိုင် ဖွင့်ဟဖော်ပြမှု[83] ပြုလုပ်ခဲ့သည်။ သဇင်ဦးက ၎င်းထိန်းချုပ်ရာ Telegram စာမျက်နှာမှတဆင့် စစ်မှုထမ်းသက် (၃) နှစ်ပြည့်ပြီ ဖြစ်ကြောင်းနှင့် ၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် စစ်ကောင်စီတပ်ကို ပိုမိုအထောက်အကူပြုနိုင်ရန်ပြင်ဆင်နေကြောင်း ကြေညာခဲ့သည်။ မေလအတွင်းတွင်လည်း စစ်တပ်အတွက် ဝါဒဖြန့်ပေးနေသူများအဖြစ် ကျော်ကြားသောကျော်စိုးဦး၊ ဇော်ဘုန်းဟိန်းတို့နှင့်အတူ စစ်ကိုင်းတိုင်းအတွင်း လှည့်လည်သွားလာပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းနေကြောင်းနှင့် စစ်ကောင်စီတပ်ကောင်းကြောင်းတို့ကို လူမှုမီဒီယာပလက်ဖောင်းများမှတဆင့် ဖြန့်ဝေခဲ့သေးသည်။

[83] https://t.me/Thazinoo969/29059






ပုံစာ - ၉ စစ်ကောင်စီအတွက် ဝါဒဖြန့်ပေးနေသည့် သဇင်ဦး စစ်မှုထမ်းအဖြစ်ဆောင်ရွက်နေကြောင်းဝန်ခံချက်နှင့် အခြားဝါဒဖြန့်ချိသူနှစ်ဦး ဖြစ်သော ဇော်ဘုန်းဟိန်း၊ ကျော်စိုးဦးတို့နှင့် မြေပြင်ကွင်းဆင်း၍ ဝါဒဖြန့်ချိမှုများဆောင်ရွက်နေမှု

သတင်းတုသတင်းမှားဖြန့်ဝေသည့် စာမျက်နှာအဖြစ် လွတ်လပ်သော သတင်းဌာနများက သာမက နိုင်ငံတကာ သတင်းမီဒီယာဌာနများကပါ သတ်မှတ်ထားသည့် Myanmar Hard Talk[84] တည်ထောင်သူ အောင်မင်းသည်လည်း မန္တလေးဒေသ မေမြို့ (သို့မဟုတ်) ပြင်ဦးလွင်တွင် စတူဒီယိုတခု တည်ဆောက်နေကြောင်း ဆောက်လုပ်ရေးလုပ်နေသည့် ဓာတ်ပုံများနှင့် ၎င်း၏ Telegram စာမျက်နှာတွင် ဖော်ပြခဲ့သည်။ ဖော်ပြချက်တွင် အသက်ကြီးကြီး လူကြီးတယောက်က ၎င်း၏ခြံထဲတွင် လာရောက်ဆောက်လုပ်ပါဟု ဖိတ်ခေါ်သည့်အတွက် ဆောက်လုပ်လိုက်ခြင်း ဖြစ်သည်ဟု ရေးသားထားသည်။ အောင်မင်းသည် လက်ရှိစစ်ကောင်စီ၏ဖမ်းဆီးခြင်းကို ခံထားရသည့် အမျိုးသားရေးအစွန်းရောက် လှုပ်ရှားသူများဖြစ်သော ငါးမင်းဆွေ၊ ဇော်ဘုန်းဟိန်းတို့နှင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း အငြင်းပွားခဲ့သေးသည်[85]။ ငါးမင်းဆွေနှင့် လူချင်း တွေ့ဆုံပြီး ဖြေရှင်းကြသည့်အချိန်

[84]https://www.frontiermyanmar.net/en/hard-talk-or-hate-speech-outlet-spread-disinformation-and-bigotry-under-guise-of-political-commentary/

[85] https://archive.ph/wip/kGi0d, https://archive.ph/FROEx

လွယ်အိတ်ထဲထည့်ထားသည့် အောင်မင်း၏လက်တစ်ဖက်က သေနတ်ကိုင်ထားသည်ဟုယူဆကြောင်း ပြောဆိုမှုများ ရှိခဲ့သေးသည်။




ပုံစာ - ၁၀ စစ်ကောင်စီအတွက်ဝါဒဖြန့်ချိပေးနေသူများ လွှတ်တော်အမတ်ဖြစ်လာရန်တိုက်တွန်းမှုနှင့် ဝါဒဖြန့်ချိသူ အောင်မင်းစတူဒီယို တည်ဆောက်နေသည့်အခြေအနေ

ဇော်ဘုန်းဟိန်းသည် စစ်တပ်ကိုဝေဖန်ခြင်းကြောင့် စစ်ကောင်စီ၏ဖမ်းဆီးခြင်းခံလိုက်ရသော်လည်း ၎င်း၏ပြောဆိုမှုများသည် စစ်ကောင်စီထောက်ခံသည့် အမျိုးသားရေးအစွန်းရောက်အသိုင်းအဝိုင်းတွင် လူကြိုက်များလှသည်။ ထို့ကြောင့်အခြားလူသိများသော စစ်ကောင်စီဝါဒဖြန့်ပုံရိပ်များဖြစ်သည့် ကျော်စိုးဦး၊ ကျော်မျိုးမင်း၊ မပုတု၊ ပေါက်ကိုယ်တော်တို့နှင့်အတူ ဇော်ဘုန်းဟိန်းကို နှစ်ခြိုက်သူများရှိသည်။ စစ်ကောင်စီက ကျင်းပမည့် အယောင်ဆောင် ရွေးကောက်ပွဲတွင် ကျော်စိုးဦး၊ ဇော်ဘုန်းဟိန်းတို့သည် လူငယ်အမတ်များအဖြစ် ပေါ်ထွက်လာ

မည်ဟု စစ်ကောင်စီထောက်ခံသည့် ဝါဒဖြန့်စာမျက်နှာများဘက်တွင် ပြောဆိုမှုများရှိခဲ့သည်။ စစ်ကောင်စီအတွက် ဝါဒဖြန့်ချိရေးမှတဆင့် ဥပဒေပြုရေးနယ်ပယ်တွင်ပါ စစ်ကောင်စီနှင့်အမျိုးသားရေးအစွန်းရောက်လှုပ်ရှားသူများ အတွေးအခေါ် ဝါဒမှိုင်းများသွတ်သွင်းနိုင်ရန် ကြိုးစည်ခြင်းလည်းဖြစ်သည်။




ပုံစာ - ၁၁ စစ်ကောင်စီခေါင်းဆောင်၏ နိုင်ငံရပ်ခြားခရီးစဉ်များတွင် ဖြန့်ဝေနေသည့်စာအုပ်များ

နောက်ထပ်သတိပြုရမည့် လှုပ်ရှားမှုမှာ စစ်ကောင်စီခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ နိုင်ငံခြားခရီးစဉ် ဓာတ်ပုံများထဲတွင်ပါဝင်နေသည့် စာအုပ် ၂ အုပ်ဖြစ်သည်။ တအုပ်မှာ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က ထုတ်ဝေနေသည့် Infosheet ဖြစ်ပြီး အွန်လိုင်းမှတဆင့်ဝါဒဖြန့်ချိရေး ပြုလုပ်ရာတွင် တွင်တွင်ကျယ်ကျယ် အသုံးပြုလျက်ရှိနေသည့် စာအုပ်ဖြစ်သည်။ စစ်ကောင်စီအတွက် ဝါဒဖြန့်ပေးနေသည့် စာမျက်နှာများ၏ ပြောဆိုမှုအရ အဆိုပါစာအုပ်ထဲတွင် မြန်မာနိုင်ငံ ကြုံတွေ့ခဲ့ရသည့် ငလျင်ဘေးဒဏ်နှင့် ပတ်သက်ပြီး စစ်ကောင်စီ၏ နေ့စဉ်လုပ်ဆောင်ချက်များ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ထုတ်ပြန်ချက်များ၊ ငလျင်ဒဏ်အတွင်း သေဆုံး၊ ပျောက်ဆုံး၊ ထိခိုက်ဒဏ်ရာရသူများစာရင်း၊ နိုင်ငံတကာက ပေးပို့သည့် စာနာထောက်ထားမှုသဝဏ်လွှာများ စသည်တို့ကို ပြည့်စုံစွာဖော်ပြထားသည်ဟု သိရသည်။ စစ်ကောင်စီဘက်ယိမ်းသည့် ဝါဒဖြန့်ချိရေးစာမျက်နှာများတွင် Infosheet စာအုပ်မှ အချက်လက်များကို ကိုးကားဖော်ပြမှု အများအပြားရှိနေသည်။ တဖက်တွင်လည်း စစ်ကောင်စီခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်တိုင်ဦးဆောင်၍ ဝါဒဖြန့်ချိရေးအချက်အလက်များကို နိုင်ငံတကာတွင် ပျံ့နှံ့ရေးအတွက်ပြုလုပ်နေသည်။

အပြာရောင်စာအုပ်သည် မြန်မာ့နိုင်ငံရေး Current Political Situation များ ပြုစုထားသည့် စာအုပ်ဆိုပြီး အခြားနိုင်ငံ့ခေါင်းဆောင်များကို အမြဲပေးအပ်နေကြောင်းနှင့် ယင်းစာအုပ်ထဲတွင် ၂၀၂၁ နိုင်ငံရေး အပြောင်းအလဲနှင့် ပတ်သက်ပြီး စစ်ကောင်စီတပ်က အာဏာသိမ်းရန် ကြိုးပမ်းကြိုးစည်ရသည့် အကြောင်းအရင်း၊ ထိုဖြစ်စဉ်အပြီး နောက်ပိုင်းဆန္ဒပြမှုများမှတဆင့် နိုင်ငံရေးရည်မှန်းချက်ကို အကြမ်းဖက်နည်းလမ်းဖြင့်ရယူရန် ကြိုးစားနေကြသည့် NUG, CRPH, PDF များ၏ ရက်စက်ယုတ်မာမှုများ (မှုရင်းအသုံးအနှုန်းအတိုင်း) ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် စစ်ကောင်စီ၏ ဘက်ပေါင်းစုံကလုပ်ဆောင်ချက်များကို အထောက်အထားများ ခိုင်မာစွာဖြင့်ပြုစုထားသည်ဟု စစ်ကောင်စီထောက်ခံစာမျက်နှာများက ဖော်ပြသည်[86]။







[86] https://t.me/khinnyochaw8888/3029, https://t.me/wowforchanneel/11214




ပုံစာ - ၁၂ စစ်ကောင်စီခေါင်းဆောင်ပေးအပ်နေသည့် စာအုပ်အား အွန်လိုင်းစာမျက်နှာအပြင်အဆင်ဖြင့် တွေ့မြင်ရစဉ်

လက်ရှိအချိန်တွင် စစ်ကောင်စီအတွက်တယ်လီဂရမ် ဝါဒဖြန့်စာမျက်နှာအများအပြားရှိသည့် အနက် စစ်ကောင်စီ ထောက်ခံသူများကြား သြဇာကြီးမားသည့် Channel များသည် ပလက်ဖောင်းပေါ်မှ ဖယ်ရှားခံရချင်း မရှိသည့်အပြင် Subscriberအများအပြားတိုးပွားလျက်ရှိနေသည်မှာ သိန်းဂဏန်းနှစ်ခုထဲသို့ဝင်ရောက်လာ ပြီဖြစ်သည်။






ပုံစာ - ၁၃ Subscriber ၁သိန်းနှင့် ၂ သိန်းကြားရရှိထားသည့် စစ်ကောင်စီ၏ တယ်လီဂရမ်စာမျက်နှာများ[87]

စစ်ကောင်စီ တရားမဝင်ထိန်းချုပ်ထားသည့် နိုင်ငံပိုင်သတင်းဌာနများ၊ စစ်တပ်ထိန်းချုပ်မီဒီယာများ၊ အုပ်ချုပ်ရေးယန္တရားများဆိုင်ရာစာမျက်နှာများသည်ပင်လျှင် စစ်ကောင်စီအတွက်ဝါဒဖြန့်ပေးနေသည့်Telegram စာမျက်နှာများ၏ ပရိတ်သတ်အရေအတွက်၏ တစ်ဝက်ကိုပြည့်မှီရန် မနည်းကြိုးစားနေရသည့်အခြေအနေ ရှိသည်။ စစ်ကောင်စီ၏ဝါဒဖြန့်ချိရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးသည် နိုင်ငံပိုင်မီဒီယာများအားထိန်းချုပ်၍ပြုလုပ်ခြင်းထက် ဝါဒဖြန့်ပေးမည့်သူများမှတစ်ဆင့် ဖြန့်ဝေလိုသည်များကိုပေးပို့ဖြန့်ဖြူးစေခြင်းကိုပို၍ မှီခိုလျက်ရှိနေသည်။

87 ၂၀၂၅ ခုနှစ် ဇူလိုင် ၁ ရက်နေ့တွင် ရယူထားသည့် Screenshot အထောက်အထားများ

# သုံးသပ်ချက်

စစ်ကောင်စီ၏ လူမှုမီဒီယာမှတဆင့် ဝါဒဖြန့်ချိရေးယန္တရားသည် ၎င်း၏တရားဝင်အဖွဲ့အစည်းများက ပြုလုပ်ခြင်းထက် လူတဦးတယောက်ခြင်းဆီက ၎င်းတို့၏စာမျက်နှာများမှ မိမိဆန္ဒအလျှောက် ထောက်ခံဝန်းရံနေမှုများကဲ့သို့ပုံစံယူ ဖြန့်ဝေနေခြင်းမျိုးဖြစ်သည်။ ဤနည်းလမ်းဖြင့် အမုန်းစကားများ၊ အဆိပ်အတောက်များ၊ အရပ်သားပြည်သူများအား အလွန်အကျွံတရားမဲ့သုတ်သင်ရှင်းလင်းရန်လှုံ့ဆော်မှုများကို ပြောင်ပြောင်တင်းတင်း ဆောင်ရွက်နိုင်မည်ဖြစ်ပြီး၊ ၎င်းလုပ်ရပ်များအတွက် စစ်ကောင်စီမှ တာဝန်ခံမှုနှင့် စွပ်စွဲပြစ်ဒဏ်များမှကင်းလွတ်နိုင်မည်ဖြစ်သည်။ သို့သော်လည်း ၎င်းတစ်သီးပုဂ္ဂလစာမျက်နှာများမှာ စစ်ကောင်စီနှင့်ဆက်နွယ်နေကြောင်း သိသာထင်ရှားသည်။ ၎င်းတို့စာမျက်နှာအသီးသီးတွင် ဝါဒဖြန့်ဇာတ်လမ်းများဆင်တူနေခြင်း၊ ဝါဒဖြန့်အကြောင်းအရာတခုတင်တိုင်း အခြားစာမျက်နှာအသီးသီးတွင် မိနစ်ပိုင်းအတွင်းပြိုင်တူတက်လာကြခြင်းတို့သည် သက်သေများ ဖြစ်သည်။ ထို့ပြင် အချို့သောနာမည်ကြီး ဝါဒဖြန့်ချိသူများသည် ၎င်းတို့မှာ စစ်ကောင်စီအတွက် တာဝန်ထမ်းဆောင်ပေးနေသူများဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုမှုများတွေ့ရှိရသည်။

ဤစာမျက်နှာများ၏ ဝါဒဖြန့်ချိမှုအများစုသည် အတွေးအခေါ် ခိုင်ခိုင်မာမာတစ်ခုခုကို ဆုပ်ကိုင်ထားခြင်းထက် တဝက်တပျက်သတင်းမှန်များနှင့် ဇာတ်ကြောင်းပုံဖော်၍ဝါဒဖြန့်မှုများကပို၍များသည်။ အတွေး အခေါ်ဟူ၍ ဗမာဗုဒ္ဓဘာသာအမျိုးသားရေးအယူအဆမှလွဲ၍ အခြားမရှိပေ။ သို့သော်လည်း ၎င်းအယူဝါဒ အောက်တွင်ပင် အတွေးအခေါ်ထက် ဇာတ်ကြောင်းများဖန်တီးပုံဖော်ခြင်းကိုသာ အားပြုကြသည်။ ထိုသို့ ဇာတ်ကြောင်းများ ဖန်တီးရာတွင် စစ်ရေးအခြေအနေ၊ နိုင်ငံရေးအခြေအနေများနှင့် တော်လှန်ရေးအင်အားစုများ ကြားမှ ပွန်းတိုက်မှုများကို အစဉ်အမြဲစောင့်ကြည့်၍ ဝါဒဖြန့်နေကြခြင်းဖြစ်သည်။ ယခုအစီရင်ခံ၏ အချက်အလက်အရ ဧပြီမှ ဇွန်လအတွင်း ဝါဒဖြန့်ချိမှုများထဲတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့(ERO) များကို ဦးတည်တိုက်ခိုက်သည့် အကြောင်းအရာများက အများဆုံးဖြစ်သည်။ Myanmar Peace Monitor ၏ အချက်အလက်များအရ ဤသုံးလအတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများတွင် စစ်တပ်နှင့် PDF များ၏ တိုက်ပွဲအရေ အတွက်အထက် စစ်တပ်နှင့် ERO များ၏ တိုက်ပွဲအရေအတွက်က ပိုများသည်ကို တွေ့ရသည်။[88]

ဝါဒဖြန့်ဝေသည့် ပလပ်ဖောင်းသာပြောင်းလဲလာသော်လည်း စစ်တပ်၏နည်းနာဟောင်းများဖြစ်သော သပ်လျှိုသွေးခွဲခြင်း၊ လူမျိုးရေးဘာသာရေးကိုအခြေခံ၍ အချင်းချင်းကြား ယုံကြည်မှုပျက်ယွင်းစေရန်နှင့် ပဋိပက္ခဖြစ်စေရန်လှုံ့ဆော်မှုများကို ၎င်းတို့၏ဝါဒဖြန့်စာမျက်နှာများတွင်တွေ့ရှိရသည်။ အထူးသဖြင့် ဗမာနှင့်တိုင်းရင်း

[88] Myanmar Peace Monitor. (2025). Myanmar Armed Conflict Dashboard.

သား လူမျိုးများအကြား၊ တိုင်းရင်းသားလူမျိုးစု အချင်းချင်းအကြား၊ ဗုဒ္ဓဘာသာနှင့်အစ္စလမ်အကြား၊ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်တို့အကြားအမုန်းတရားပွားစေရန် ရည်ရွယ်ချက်ချက်ရှိပုံဖျက်မှုများကိုလည်းတွေ့ရသည်။

ထို့ပြင်ဝါဒဖြန့်မှုများတွင် စစ်တပ်၏ အရပ်သားပြည်သူများအားအစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းကဲ့သို့သော စစ်ရာဇဝတ်မှုများကိုဖုံးကွယ်ခြင်း၊ မှန်ကန်သည့်လုပ်ရပ်ဖြစ်ကြောင်း ညွှန်းဆိုခြင်း အစရှိသည့် အကြောင်းအရာများကိုတွေ့ရပြီး၊ ကျူးလွန်သူစစ်သားများနှင့် စစ်ခေါင်းဆောင်ကို ဟီးရိုးအဖြစ် ချီးကျူးဂုဏ်တင်ခြင်းများကိုလည်း တွေ့ရသည်။ ထိုသို့ဝါဒဖြန့်ချိမှုဖြင့် စစ်ကောင်စီကို ဆက်လက်ထောက်ခံသူများအကြား ၎င်း၏ လုပ်ရပ်များကို ဆက်လက်ထောက်ခံနေစေရန် ရည်ရွယ်သလို၊ တော်လှန်ရေးအင်အားစုများ အနိုင်ရလျှင် စစ်တပ်အဖွဲ့ဝင်များနှင့် စစ်တပ်၏ထောက်ခံသူများ အန္တရာယ်ကြုံရမည်ဟု အကြောက်တရား ထည့်သွင်းနေခြင်းဖြစ်သည်။ သို့ဖြင့် စစ်သားများ၊ ၎င်းတို့မိသားစုဝင်များနှင့် စစ်တပ်ထောက်ခံသူများအဖို့ ထွက်ပေါက်မရှိ၊ ရွေးချယ်စရာမရှိဘဲ တော်လှန်ရေးအင်အားစုများကို အမြစ်ပြတ်နှိမ်နင်းရေးကိုသာမတွန့်မဆုတ် ဆက်လက်လုပ်ကိုင်စေရန် ဖြစ်သည်။

တဖက်တွင်လည်း စစ်ကောင်စီအတွက် လူမှုမီဒီယာမှ ဝါဒဖြန့်သူများသည် နိုင်ငံသားများကို အကြောက်တရား လွှမ်းမိုးစေရန် ရည်ရွယ်ချက်ဖြင့် ခြိမ်းခြောက်မှုမျိုးစုံကို ဖြန့်ဝေကြသည်။ ဥပမာအားဖြင့် စစ်ကောင်စီကို ဆန့်ကျင်သူ၊ ဝေဖန်သူများ၏ ပုဂ္ဂိုလ်ရေးအချက်အလက်များကို ၎င်းတို့စာမျက်နှာများတွင် ဖြန့်ဝေခြင်း၊ လုံခြုံရေးတပ်ဖွဲ့များကို ဖမ်းဆီးရန် လှုံ့ဆော်မှုများ စဉ်ဆက်မပြတ် ပြုလုပ်လေ့ရှိသည်။ ထို့ပြင် နိုင်ငံပြင်ပရောက် စစ်ကောင်စီအား ဆန့်ကျင်သူ အနုပညာရှင်များ၊ တက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးသမားများကို ထောက်ခံလျှင်ပင် အပြစ်ရှိသူအဖြစ် သတ်မှတ်၍ ဖမ်းဆီးရန်လှုံ့ဆော်ကြသည်။ ဤနည်းဖြင့် စစ်တပ်၏ အာဏာသက်ရောက်မှုကို ပြသရာရောက်သလို ပြည်တွင်းတွင်နေထိုင်သူများအနေဖြင့် စစ်ကောင်စီအား ဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် ပါဝင်ရန် သို့မဟုတ် ထောက်ခံရန် ကြောက်ရွံ့ထိတ်လန့်လာကြမည် ဖြစ်သည်။